ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏

ဥပနိဿယချစ်တပည့်

မိုးကုတ်ဓမ္မကထိကဆရာကြီး

# ဦးလှမေ

ဟောကြားသော

၃၆၄
ဇ

# [illegible]ရှိနှင့်ဉာဏ်အသိခွဲခြားပုံ

ဝိပဿနာအလုပ်ပေး

## တရားတော်

ဓမ္မဒါန





မိုးကုတ် ဓမ္မကထိက ဆရာကြီး-ဦးလှဖေ

၁၉၄၄

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီး၏

# ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာ




အဝိဇ္ဇာနှင့် တဏှာ [illegible] ကံကြောင့် ရုပ်နာမ် [illegible] [illegible]
[illegible]
[illegible]
[illegible]
[illegible]

# သာသနာရေးဦးစီးဌာန

# [illegible]ကြည့်တိုက်

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

၏

ဥပနိဿယခံတပည့်

မိုးကုတ်ဓမ္မကထိက ဆရာကြီးဦးလှဖေ

ဟောကြားသော

# ခန္ဓာအရှိနှင့် ဉာဏ်အသိ ခွဲခြားပုံ

# ဝိပဿနာ အလုပ်ပေး တရားတော်

[ မူပိုင် - ပတ္တမြား အောင်ကြီး ]


သာသနာ - ၁၃၄၂ ... ခရစ် - ၁၉၈၀

ဓမ္မဒါန

ပထမအကြိမ်

၁၉၇၀-ပြည့်၊ ဇွန်လ

အုပ်ရေ–၇၀၀၀

●

အဖုံးရိုက်–နွဲ့(ကာလာလေစက်)

●

စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၁၁၆၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၉၅)

●

ဓမ္မဒါန

●

ထုတ်ဝေသူ။ ပတ္တမြားအောင်ကြီး (ကင်းလွတ်ခွင့်အမှတ် - ၄၅၇)
အမှတ်-၂၇၁၊ သစ္စာလမ်း၊ ၁၀-ရပ်ကွက်၊
တောင်ဥက္ကလာပမြို့။

ပုံနှိပ်သူ။ ဦးထွန်းရှိန် (၀၂၁၃၈ မြ)၊ ငွဲ့စာပုံနှိပ်တိုက်၊
အမှတ်-၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# ထုတ်ဝေသူ၏ အမှာစာ

ဤစာအုပ်တွင် ဖော်ပြပါ တရားတော်သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံ တပည့် မိုးကုတ်မြေ့ကထိက ဆရာကြီးဦးလှဖေ ဟောကြားသော တရားဖြစ်ပါသည်။

ဤ စာအုပ်ငယ်ကို ထုတ်ဝေရခြင်း၏ အကြောင်းကို အနည်းငယ် တင်ပြပါရစေ၊ ယခုအချိန်အခါသည် ကျွန်တော်များ မြန်မာပြည် တစ်ဝှမ်းလုံး ဝိပဿနာ သစ္စာလေးပါး တရားတော်များ မိုးလုံးညံ့မျှ မြိမ့်မြိမ့်သဲသဲနှင့် စည်ကား သိုက်မြိုက်စွာ သာသနာထွန်းကားနေသော အချိန်အခါ ဖြစ်ပါသည်။

ဆရာကြီးဟောကြားအပ်သော သစ္စာလေးပါး အလုပ်ပေးတရားများသည် အလုပ်စခန်းများသို့ ခန္ဓာဉာဏ်ရောက်သဘောပေါက်အောင် အားထုတ်နေကြကုန်သော ယောဂီပုဂ္ဂိုလ်တို့နှင့်တကွ သစ္စာလေးပါးတည်းဟူသော ဝိပဿနာတရားတော်များကို လေ့လာလိုက်စားကြကုန်သော သူတော်ကောင်းများအတွက် ခန္ဓာမဇ္ဈိမပဋိပဒါကို ကွင်းကွင်းကွက်ကွက်နှင့် မြင်နိုင်-သိနိုင်အောင် ဥပမာ – ဥပမေယျများဖြင့် ပေါ်လွင်ထင်ရှားစွာ မြန်မာစကားပြေသက်သက်ဖြင့် ဟောကြားထားသောတရား ဖြစ်ပါသည်။ ထို့ပြင် ဆရာကြီးသည် မိမိ တတ်သိ နားလည်သလောက် မခြွင်းမချန်ပဲ ယောဂီပုဂ္ဂိုလ်များ နားလည်နိုင်အောင် စေတနာသန့်သန့်ဖြင့် ဟောကြားထားခြင်း ဖြစ်ပါသည်၊ အနမတဂ္ဂသံသရာမှစပြီး ယခုအချိန်အထိ တသံသရာလုံးမှာ ကျွန်တော်များ၏ ဉာဏ်ချက်လုံးသည် အဝိဇ္ဇာ,တဏှာ တည်းဟူသော တိမ်သလာက ဖုံးလွှမ်း၍ ကန်းချင်တိုင်း ကန်းခဲ့ကြသော ဆာဝတို့သည် မရေမတွက်နိုင်ခဲ့ကြပေ။ ဘုရားတွေ အဆူဆူပွင့်ခဲ့ပြီး သစ္စာလေးပါးတရားတွေကိုဟောခဲ့ငြားသော်လည်း ၎င်းသစ္စာလေးပါး တရားတွေနှင့် အလွဲကြီးလွဲခဲ့ရပေါသည်။

ဒါကြောင့် ယခုလို မနုဿတ္တ ဒုလ္လဘဆိုသော လူ့ဘဝကြီးမှာ ဘုရားရဲ့ သာသနာနှင့်လည်း ကြုံ၊ သစ္စာလေးပါးတရားများကို ခန္ဓာဉာဏ်ရောက် သဘော ပေါက်အောင်

ဟောတတ်ပြောတတ်သောဆရာသမားများနှင့်လည်း ကြုံကြ ရတဲ့အခိုက်အခါမှာ မိမိတို့ရဲ့ရရှိထားတဲ့ အဖိုးတန် အချိန် ကာလတွေကို အလဟဿ မဖြစ်စေပဲ သစ္စာလေးပါးတရား တွေကို နာကြားခြင်း၊ မှတ်သားခြင်း၊ ပွားများခြင်း၊ အားထုတ်ခြင်းဆိုတဲ့ အလုပ်များကို ကျင့်ကြံမှသာလျှင် လူဖြစ်ရကျိုး နပ်ကြပေလိမ့်မည်။

ထုတ်ဝေသူ၏ အဓိက ရည်ရွယ်ချက်မှာ ဆရာကြီး ဟောကြားသော သစ္စာလေးပါး တရားများသည် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်၏ လည်လမ်း၊ စပ်လမ်းများကိုရင်း၊ ခန္ဓာ အရှိနှင့် ဉာဏ်အသိများကို ခွဲခြား ပိုင်းဖြတ်ပုံများကိုရင်း၊ ဓမ္မမာမကများ၏ ဉာဏ်အတွင်း၌ ထင်လင်းစွာ ပေါက်ရောက် နိုင်ကြပါစေဆိုတဲ့ ကြီးမားတဲ့ စေတနာ ဖြူစင်သော သဒ္ဓါ တရားဖြင့် ထုတ်ဝေခဲ့ပါသည်။

တနည်းဆိုရသော် ဤစာအုပ်ငယ်ကို ထုတ်ဝေရခြင်း အကြောင်းရင်းကတော့ အကျိုးအမြတ်ကို မျှော်ကိုး၍ ထုတ်ဝေရခြင်း သဘောမျိုး မဟုတ်ပါ၊ သစ္စာလေးပါး တရားတော်များကို ကိုယ်တွေ့ ကျင့်ကြံ အားထုတ်နေကြ ကုန်သော ယောဂီများ အနေဖြင့်လည်း ဤစာအုပ်ငယ်အား လက်ဝယ်ထားရှိမည်ဆိုပါက အခါအားလျော်စွာ ဖတ်ရှု ပွားများခြင်းဖြင့် ယောဂီများ မျှော်မှန်းထားသော (ဉာတ ပရိညာ) စခန်းသို့ တက်လှမ်းရာတွင် နည်းပြ ကိုးကား

အားထားလောက်စေရန် အဖိုးတန်ရတနာကြီးသဖွယ် အသုံးကြလိမ့်မည်ဟု လေးနက်စွာ ယုံကြည်မိပါသည်။

ယခုဖေါ်ပြသော တရားစာသားများသည် ရေးတရားမဟုတ်ပါ။ ဆရာကြီး ဟောကြားထားသော တိတ်ခွေများထဲမှ ထုတ်ဝေသူသည် ကောင်းနိုးရာရာများကို ရွေးချယ်စိစစ်ပြီး စာအုပ်အဖြစ် ထုတ်ဝေရန် ဆရာကြီး၏ထံသို့ ခွင့်ပန်ခဲ့ပါသည်၊ ဆရာကြီးထံမှ ခွင့်ပြုချက်ရသည်နှင့် စာအုပ်အဖြစ်သို့ ရောက်အောင် ကြိုးစားပမ်းစားနှင့် သာသနာပြန့်ပွားရေးကို ရှေ့ရှု၍ ထုတ်ဝေ ဖြန့်ချိလိုက်ရပါသည်။

ဆရာကြီး၏ တရားများကို ကြိုးခွေမှ တိုက်ရိုက်နာကြားရခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်၊ သို့သော်လည်း ကြိုးခွေနှင့် နာကြားဖို့ ဆိုသည်ကလည်း အကြောင်းနှင့် အကျိုးညီညွတ်မှ နာကြား နိုင်ကြပေလိမ့်မည်၊ ယခုလို စာအုပ်အဖြစ် တည်ရှိနေမည်ဆိုပါက လူမျိုး(ဝါ)ဘာသာမရွေး ကာလဒေသမရွေး စာတတ်သူမှန်သမျှ ဖတ်ရှုမှတ်သားပွားများကြပြီး၊ အကျိုးကျေးဇူးများကို ခံစားစံစားနိုင်ကြပေလိမ့်မည်။ ဆိုအပ်ခဲ့ပြီးသော စာသားများမှာ ရေးတရားမဟုတ်သောကြောင့် ဖတ်ရှုသည့်အခါတွင် အထစ်အငေါ့ မပြေမပြစ်ကလေးတွေ ရှိကောင်းရှိပေလိမ့်မည်၊ ထုတ်ဝေသူသည် ဖတ်ရှုသည့်အခါမှာ အစဉ်ပြေချောမောပါစေ ဆိုတဲ့စေတနာနဲ့ စာသားများကို အနည်းငယ် ပြင်ဆင်ထားပါသည်၊

ထပ်မံ၍ အမှားအယွင်းကလေးများ ပါရှိခဲ့သော် ကျွန်တော်၏ အမှားသာဖြစ်ကြောင်းကို ဝန်ခံအပ်ပါသည်။ ယောဂီပုဂ္ဂိုလ်များ အနေဖြင့်လည်း ဤစာအုပ်ကို ဖတ်ရှုသည့်အခါမှာ မိမိရဲ့ခန္ဓာကိုယ်ညာဏ်စိုက်ပြီး ဖတ်မည်ဆိုပါက မိမိတို့ရရှိထားသော ခန္ဓာကြီးသည် တကယ့်ဒုက္ခသစ္စာကြီးပါလား ဆိုတာကို မြင်လာပါလိမ့်မည်။

ဤစာအုပ်သည် ငယ်ပင်ငယ်ငြားသော်လည်း အဆီအနှစ်များကို ပေါင်းစပ်ထားသကဲ့သို့ အနှစ်သာရနှင့် ပြည့်စုံသော စာအုပ်ကောင်းတအုပ်သာ ဖြစ်ပါသည်၊ ထို့ကြောင့် ဖတ်ရှုသည့်အခါမှာ စိတ်ပါ လက်ပါ ကြည့်ရှု မှတ်သားမည်ဆိုပါက ဝိပဿနာရှုနည်းနှင့် ခန္ဓာရဲ့ ဖြစ်စဉ်များကို သိရှိနားလည်နိုင်ကြပေလိမ့်မည်၊နားလည်သည့်အလျောက်လည်း ပွားများ အားထုတ်နိုင်ကြပါစေ၊ အားထုတ်သည့် အတိုင်းလည်း မဂ်လမ်းဖိုလ်လမ်းကို ပေါက်ရောက်နိုင်ကြပါစေဆိုတဲ့ စေတနာမွန်ဖြင့် ဤ စာအုပ်ငယ်အား ထုတ်ဝေလိုက်ရပါသည်၊ နောင်ကိုလည်း အကြောင်းအကျိုး ညီညွတ်ပါက ဆရာကြီး၏ တရားများအား ဆက်လက် ထုတ်ဝေပါဦးမည်။

ထုတ်ဝေသူ

ပဋ္ဌာန်မြသားအောင်ကြီး

# နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

မနုဿတ္တ ဒုလ္လဘ ဆိုတဲ့ လူ့ဘဝ ရရှိဖို့ အရေးသည် အလွန်စာရာမှ ခဲယဉ်းလှပါပေသည်၊ မည်ရွေ့မည်မျှ ခဲယဉ်းပါသလဲဆိုယင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားခဲ့သည့် နခသိခသုတ္တန်၌ "ချစ်သားတို့....သုဂတိဘုံသို့ ရောက်လတ်သော သတ္တဝါတို့၏ အရေအတွက်သည် ငါဘုရား၏ လက်သည်းခွံ ပေါ်တွင် ငြိကပ်လျက်ရှိသော ဤမြေမှုန့် ပမာဏမျှသာရှိ၍ ဒုဂ္ဂတိဘုံသို့ ရောက်လတ်သော သတ္တဝါတို့၏ အရေအတွက်သည်ကားဆိုလျှင် ယူဇန၈ပေါင်း နှစ်သိန်း

လေးသောင်း အထူရှိသော ဤမဟာပထဝီမြေကြီး၏ အမှုန့်ထက်ပင် အဆပေါင်း များပါသည်”ဟု ဟောကြားခဲ့လေသည်။

ယခုလို ရရှိလာကြတဲ့ ဒုလ္လဘ ဆိုတဲ့ လူ့ဘဝသည် “ကာမာဝစရဆိုတဲ့ ကုသိုလ်ကံက အရှိန်ပြင်းစွာ တွန်းတင်ပို့ဆောင်ခြင်းကြောင့် လူ့ဘဝကြီးကို ရရှိခဲ့ကြပေပြီ”အဲဒီလို ဗုဒ္ဓုပ္ပါဒနဝမဟု အမည်ရသော အလွန်အလွန် ထူးမြတ်လှ၍ ရတောင့်ရခဲ ကြုံတောင့်ကြုံခဲလှစွာသော အချိန်အခါကြီးဖြစ်သည်ကို အထူးမှတ်သား သိရှိရန် လိုအပ်ပေသည်။

ယခုလို လူ့ဘဝကြီးကို ရပင်ရငြားသော်လည်း မြတ်စွာဘုရား၏ သာသနာနှင့် ကြုံဖို့ဆိုတာကလည်း အလွန်ပင်ခဲယဉ်းလှပါပေသည်၊ မည်မျှခက်ခဲပါသလဲဆိုယင် (၇)ရက် (၇)လီ မိုးမှောင်ကြီးကျပြီး အဆက်မပြတ် ရွာသွန်းနေတဲ့ကြားထဲမှာ လျှပ်စီးကလေး တချက် လင်းသလောက်သာ ဘုရားပွင့်တဲ့ သာသနာရှိတယ်ဆိုတော့ အဲဒီလောက် ရှိတဲ့အချိန်ကလေးကိုဖြင့် အလဟဿနှင့် အလွဲသုံးစားလုပ်ပစ်မည့်အစား (ဝါ) သားရေး သမီးရေး စီးပွားရေးတည်းဟူသော လောဘ၊ ဒေါသ၊ မောဟတွေနှင့် အချိန်ကုန်မခံပဲ လောဘသိမ်းမှု၊ ဒေါသသိမ်းမှု၊ မောဟသိမ်းမှုဆိုတဲ့ အလုပ်တွေကိုဖြင့် မိမိတို့အနေနဲ့ လက်ဆုပ်လက်ကိုင် ရရှိရန်အတွက် ကြိုးစားသင့်လှပေသည်။

နှောင်းတဟူသည် နှောင်းမှရလို့တော့ အကျိုးမရှိတော့ပါ၊ ဒါကြောင့် မြတ်စွာဘုရားကလည်း "ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီ"လို့ အရေးတကြီးနဲ့ မှာတော်မူခဲ့တာ ဟာဖြင့် မိမိတို့ရရှိထားတဲ့ အချိန်တွေကို အလကား မဖြစ် စေပဲ သမထ ဝိပဿနာ တရားတွေကို အားထုတ်ကြပါကွာ၊ သားရေး သမီးရေးတွေနဲ့ မေ့လျော့ပေါ့တန်ပြီး နေမည် ဆိုပါက နှောင်းအခါကာလ သေချိန်ကျမှ ဝိပဿနာ အလုပ်တွေကို မလုပ်မိလို့ နှောင်းတ-တဖန် စိုးရိမ်ပူပန်ခြင်း မဖြစ်ကြပါနဲ့ကွာလို့ ဆိုတာကိုဖြင့် ၁၇၈၂-ကြိမ် တိုင်တိုင် အကြီးအကျယ်ဆုံး မှာတော်မူခဲ့ပါတယ်။

တခါ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီး ကလည်း သားရေး သမီးရေး စီးပွားရေးတွေကို နှောက်မှ လုပ်ကြပါကွာ၊ ကိုယ့်ကိုယ်ကို အပါယ်လေးပါးက လွတ် အောင် အရင်လုပ်ကြစမ်းပါကွာ၊ ဒါန- သီလ- သမထ လောက်နဲ့ ကျေနပ်မနေကြနဲ့ကွာ၊ ဝိပဿနာအလုပ်မှ မလုပ်တဲ့ ပုဂ္ဂိုလ်တို့သည် "**စတ္တာရော အပါယာ သကဂေဟာသဒိသာ**"လို့ 'ဓမ္မပဒ' က ဆိုထားပြန်တော့ စတ္တာရော အပါယာ၊ အပါယ် လေးဘုံတို့သည်။ သကဂေဟာသဒိသာ၊ ဘုရားမရှိတဲ့အခါမှာ ဖြင့် ကျွန်ုပ်တို့ အမြဲနေရမည့် အိမ်ဂေဟာနှင့် တူတယ်လို့ ဆရာတော်ဘုရားကြီးက ဟောကြား ဆုံးမခဲ့ပါတယ်။

ယခု ဆရာကြီး ဟောကြားထားသော သစ္စာလေးပါး အလုပ်ပေးတရားများ ကလည်း ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီး၏ ဟောကြားသောမူအတိုင်း၊ ဟောစဉ် ဟောကွက်များကိုလည်း မူမပျက်စေပဲ ဆရာတော်ဘုရား ကြီးရဲ့ နောက်ဆွယ်ကနေပြီးတော့ ခန္ဓာဝဋ်ဒုက္ခသမုဒ္ဒယ်ဆိုတဲ့ ဝဋ်ဒုက္ခတရား တွေကို ပေါ်လွင် ထင်ရှားအောင် ယောဂီပုဂ္ဂိုလ်များ အားလုံး နာကြားနိုင်ကြပါစေ၊ နာကြားသည့်အတိုင်းလည်း သိကြပါစေ၊ သိသည့်အတိုင်းလည်း ခန္ဓာဉာဏ်ရောက်အောင် ဝိပဿနာတရားများကို အားထုတ်နိုင်ကြပါစေဆိုတဲ့ ကြီး မားသော စေတနာ မေတ္တာကို ရှေ့ထားပြီး ဟောကြား ထားပါသည်။

ခန္ဓာငါးပါး ရရှိထားသော ပုဂ္ဂိုလ် သတ္တဝါ မှန်သမျှ သည် တနေ့ သေလိမ့်မည်ဆိုတာကို ဘုရားအဆူဆူ ဟော ကြားခဲ့ပါသည်၊ ထို့ကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီး ကလည်း "ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့ သည်"လို့ သတိပေး ဆုံးမခဲ့ပါသည်။ မိမိရဲ့သေရမည့်အချိန်ကို ကြိုတင်ပြီး ဘယ်နှစ် ဘယ်လ ဘယ်ရက် ဘယ်နာရီရယ်လို့ ဆိုတာကို ဘုရား, ရဟန္တာမှလွဲ၍ တိတိကျကျ မည်သူမျှ မသိကြပါ၊ ဒါကြောင့် ဘဒ္ဒေကရတ္တသုတ်မှာ–

အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

လို့ ဆိုထားပြန်တော့ ဝိပဿနာတရား အလုပ်တွေကို အားမှလုပ်မယ်၊ နက်ဖြန်မှလုပ်မယ်လို့ အချိန်တွေ ရွှေ့ဆိုင်းနေလို့ မဖြစ်တော့ဘူး ဆိုတာကိုလည်း အထူးပဲ ဂရုထားကြပါ၊ အသေမဦးခင် ဉာဏ်ကဦးအောင်လို့ (မမ္မာနု-မမ္မပဋိပတ္တိ) ဆိုတဲ့ ခဏ ဖြစ်ပျက်နှင့် မဂ်နှင့်ကိုက်အောင် ကျင့်ကြံအားထုတ် ထားနိုင်မှ သေရေးအတွက်ကို စိတ်အေး ရပေမည်။

ယခုလို ဘုရားသာသနာနှင့် ကြုံတုန်းမှာဖြင့် သာသနာ တွင်းမှာ လုပ်ရမဲ့ အလုပ်တွေကို လုပ်ကြပါလို့ ဆိုတာကိုဖြင့် ဆရာကြီးက အထူးပဲတိုက်တွန်းနေပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ ရရှိထားတဲ့ လူ့ဘဝဆိုသည်ကလည်း တခဏ၊ ကြုံတွေ့ရတဲ့ သာသနာကလည်း တခဏ၊ အဲဒီလို တခဏချင်း ဆုံလို့ ကြုံကြိုက်တုန်းအခါမှာ မိမိတို့လုပ်ရမည့်သစ္စာလေးပါး ဝိပဿနာတရားတွေကိုမှ မလုပ်ပဲ သာသနာက တခြား၊ ကိုယ်အားထုတ်နေတာက တခြားဆိုယင် သာသနာ့ပဟ္ဂိုလ်ပဲ ဖြစ်ပေလိမ့်မည်။

ဒါန-သီလ-သမထဆိုတဲ့ ကုသိုလ်ကြောင့် ရတဲ့ဘဝက လူ့ပြည်- နတ်ပြည်- ဗြဟ္မာ့ပြည်အထိပဲ အကျိုးပေးပါလိမ့် မည်၊ အဲဒီလို လူ့ဘဝ-နတ်ဘဝ-ဗြဟ္မာဘဝ ဆိုတာကလည်း

ပမာပြရယင်- ဗိုလ်ခြေတထောင် တင်ဆောင်ရသည့် လေးညို့မှ ပစ်လွှတ်လိုက်သော မြားတံကဲ့သို့ အရှိန်သေယင် ပြန်ကျရသေးတယ်ဆိုတာကိုတော့ အားလုံး သိရှိကြပါလိမ့်မည်၊ လူတိုင်း လူတိုင်း ဆိုသလို အခွင့်သာလျှင် အပါယ်လေးဘုံသို့ အကျိုးပေးမည်ဆိုတဲ့ အကုသိုလ်ကံတွေ အနန္တက နောက်ကျောကနေ ကပ်ရက်ချက်ရက် လိုက်ပါနေကြပါတယ်၊ ဒါကြောင့် အပါယ်ဘေးမှ စိတ်ချရလောက်အောင် ကြိုးစားကြစမ်းပါ၊ မိမိကသာ ကြိုးစားချင်တဲ့ ဆန္ဒရှိမည်၊ ဝီရိယရှိမည်ဆိုပါက—

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ၊ ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ၊ ဆန္ဒ ဝီရိယသာ ရှိနေမည်ဆိုယင် မပြီးနိုင်တဲ့ အမှု မဖြစ်နိုင်တဲ့ကိစ္စ မရှိပါဘူးလို့ ဆိုထားတော့ အချိန်အခါ ရှိတုန်းကိုဖြင့် မိမိတို့ရဲ့ သွားရေး သမီးရေး စီးပွားရေးဆိုတဲ့ အလုပ်တွေကို နောက်ထားပြီး ခန္ဓာဒုက္ခရဲ့ လွတ်လမ်း ကျွတ်လမ်းဖြစ်တဲ့ ဝိပဿနာ အလုပ်တွေကိုဖြင့် လုပ်ကြပါ ကြိုးစားကြပါဆိုတာကို ဆရာကြီးသည် မေတ္တာစေတနာ ရှေ့ထားပြီး အထူးပဲ မှာကြားနေပါသည်။

ထို့ကြောင့် ယခုလို တွေ့ကြုံဆုံဆည်းကြရတဲ့ "ဗုဒ္ဓုပ္ပါဒ နဝမ ခဏကြီးကိုဖြင့် မေ့လျော့ထားကြရန် မသင့်တော်တော့ပေ၊ ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊

ပဋိစ္စသမုပ္ပါဒ် အစရှိသော သစ္စာတရားများကို လေ့လာကြပါ၊ မှတ်သားကြပါ၊ ပွါးများအားထုတ်ကြပါ၊ အားထုတ်တဲ့ အခါမှာလည်း မိမိတို့နှစ်သက်ရာ အနုပဿနာတပါးပါးကို ဖြစ်ပျက် မြင်အောင်ရှု၊ ဖြစ်ပျက် မြင်ပြီးယင် မုန်းအောင်ရှု၊ မုန်းပြီးယင် ဖြစ်ပျက်ဆုံးအောင် ရှု၊ အဲဒီလို ဆုံးအောင်ရှုတဲ့ ပုဂ္ဂိုလ်မှ အပါယ်တံခါးပိတ်ပြီး မဂ်တံခါး ဖိုလ်တံခါးပွင့်၍ ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကို ရရှိကြပလိမ့်မည်။ သူတော်ကောင်းတရားများကို ဟောပြောတတ်သော ဆရာနှင့်ကြုံဖို့ မိမိမှာလဲ ထောင်နိုင်တဲ့နား ပါဖို့ ခဲယဉ်းလှသည့်အကြောင်းကို "သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ"ဟု ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည့်အတိုင်းကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးကလည်း ယခုလို သာသနာနဲ့ကြုံတုန်း သစ္စာတရားများကို ဟောကြားဟောပြောတတ်တဲ့ ဆရာသမားများနဲ့ အခွင့်အခါသင့်တုန်းမှာဖြင့် အပျက်နှင့်မဂ်ကိုက်အောင် ရှုကြပါကွာလို့ဆိုတာကို အထပ်ထပ် အခါခါ မှာတော်မူခဲ့ပါတယ်။

ဒါကြောင့် မိမိတို့ရရှိထားတဲ့ အချိန်ကောင်းကလေးတွေကိုဖြင့် သားရေး သမီးရေး စီးပွားဆိုတဲ့ တဏှာလောဘတွေနဲ့ အချိန်တွေကို မေ့လျော့ပေါ့တန် မနေကြပါနဲ့၊ ခန္ဓာအရှိနှင့် ဉာဏ်အသိကို ခွဲခြားပြီး ကွဲပြားအောင်

အားထုတ်ကြပါဟု ဆရာကြီးက ထပ်လောင်း၍ တိုက်တွန်း ဟောကြားထားခြင်း ဖြစ်ပါသည်။

ဝိပဿနာ သစ္စာလေးပါး တရားတော်များသည် ကမ္ဘာ အနှံ့ ပြန့်စေသော်။

ပဍ္ဍမြား အောင်ကြီး



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ခန္ဓာအရှိနှင့် ဉာဏ်အသိခွဲခြားပုံ

# ဝိပဿနာ အလုပ်ပေး တရားတော်

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿျခံ တပည့် မိုးကုတ် (မမ္မကထိက) ဆရာကြီး ဦးလှဖေ ဟောကြားအပ်သော ခန္ဓာအရှိနှင့် ဉာဏ်အသိခွဲခြားပုံ ဝိပဿနာ အလုပ်ပေးတရားတော်—

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿျကို အမှီသဟဲပြုပြီး ခန္ဓာအရှိနှင့်ဉာဏ်အသိပိုင်းခြားပုံ အလုပ်ပေး တရားတော်ကြီးကို ယနေ့ ဟောကြားမည် ဖြစ်ပါ၍ ချွတ်ချော် တိမ်းပါး ယွင်းမှားမှုကလေးတွေ မပါမရှိပါစေနဲ့ ဆိုတဲ့ တောင့်တချက်နဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် သည်တရားပွဲကြီးသို့ ကြွရောက်တော်မူလာပြီး ကျွန်တော်ရဲ့ နှုတ်ဝစီကို ထိန်းသိမ်းစောင့်ရှောက်ပေးပါလို့ ဤအာသီသပုဗ္ဗကဒေသနာရမ္ဘ ဂါထာ

ကလေးကို ပဋ္ဌမဆုံးရွတ်ဆိုပြီးတော့ တရားပွဲကြီးကို စဘင် ဖွင့်လှစ်လိုက်ရပါတယ်။

## တရားပွဲဖွင့် အာသီသဂါထာ

သိက္ခာကာမော တိဗ္ဗာစာရော၊ အတိတ္တာစိတြဝါစကော၊
ထေရော မယုံ မုခံ ပါတု-မိုးကုတ်နိကာယမာပကော။

သိက္ခာကာမော၊ သီလ, သမာဓိ, ပညာဟု သိက္ခာသုံးစု ကြီးထွားမှုကို ဂရုစိုက်ကြောင့်ကြ တော်တ မြတ်နိုးလှသည် ဖြစ်၍။ တိဗ္ဗာစာရော၊ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ထက် မြက်ပြင်းထန် ကျင့်ကြံ အားထုတ်တော် မူပေထသော။ အတိတ္တစိတြဝါစကော၊ ကြားနာသသူ ရှင်နှင့်လူတို့ သည်းအူ လှိုက်လှဲ ခြင်ဆိစွဲ၍ ရောင့်ရဲမနိုင် မထနိုင်အောင် ဆွဲနိုင်သည့် စကား ဆန်းပြား ကြွယ်ဝတော် မူပေထသော။ မိုးကုတ် နိကာယမာပကော၊ မိုးကုတ် ဂိုဏ်းကြီး အဖွဲ့အစည်းကို ဖန်တီးတည်ထောင်တော်မူပေထသော။ ထေရော၊ အဂ္ဂမဟာ ပဏ္ဍိတ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သည်။ မယုံ၊ မိုးကုတ်နည်းခံ တဆင့်ပြန်၍ ထပ်မံဖော်ထုတ် အကျွန်ုပ်၏။ မုခံ၊ နှုတ်ကို။ ပါတု၊ မတိမ်းမချွတ်ရအောင် ထိန်းကွပ်စောင့်မတော်မူပါစေသတည်း။ ပါတု၊ မိုးကုတ် ဟောဟန် သဘောသကန် မတိမ်းမစောင်းရအောင် ထိန်း ကျောင်းကွပ်ကဲတော်မူလှဲ့ပါ သူသူငါငါ လူဘကာကြည်ညို

မဆုံးနိုင်တဲ့ တပြည်လုံးကျေးဇူးရှင် သမိုင်းဝင် ဆရာတော် မြတ်ကြီးဘုရား။

(သာဓု-သာဓု-သာဓု)

မြတ်စွာဘုရား၏ သာသနာတော်ကြီးရဲ့ နောက်ပိုင်းမှာ တပည့် ဒကာ ဒကာမတွေကိုဖြင့် သံသရာ ဝဋ်အတွင်းကနေ လွတ်ကင်းကြပါစေတော့ဆိုတဲ့ ကြီးမားလှသော မဟာ ကရုဏာ မေတ္တာတော်ကြီးဖြင့် သစ္စာတရားတွေကို ကျေးဇူး တော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက ဟောကြားတော်မူခဲ့ပါတယ်။

ယခုကဲ့သို့သော သစ္စာလေးပါးတရားတို့, ဝိပဿနာ အလုပ်ပေးတရားတို့ဆိုတဲ့ တရားမျိုးတွေက သာသနာ အတွင်းမှာမှ ပေါ်တဲ့ တရားမျိုး ဆိုတော့ ကျွန်တော်တို့ သူတော်ကောင်းများကလည်း သာသနာ၏အတွင်းမှာ လူ လာဖြစ်ရတော့ အော်....ဟိုတတွေဟာဖြင့် အင်မတန်ပါရမီ ထူးတဲ့ ပုဂ္ဂိုလ်တွေပဲလို့ ဆိုရာကိုဖြင့် ကိုယ့်ကိုကိုယ် ဝမ်း သာဖို့ ကောင်းပါတယ်နော် (ဟုတ်ပါတယ်)။

သာသနာဆိုတာ ကြုံတော့ကြုံပါရဲ့၊ အဲဒီလို သာသနာနဲ့ ကြုံပေမဲ့လဲ သာသနာ၏အလုပ်ကို မလုပ်လို့ရှိရင်ဖြင့် အဲဒီ ပုဂ္ဂိုလ်ဟာ သာသနာကတခြား၊ ကိုယ်အားထုတ်နေတာက တခြားဆိုရင် ဒီပုဂ္ဂိုလ်မျိုးဟာ သာသနာတွင်းပုဂ္ဂိုလ်မဖြစ်ပဲ

သာသနာပုဂ္ဂိုလ်ပဲ ဖြစ်မယ်ဆိုတာ မသေချာဘူးလားဗျာ (သေချာပါတယ်)။

အဲဒါကိုပေါ်လွင်ထင်ရှားအောင်လို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက နားကြီးကြီးနဲ့ နာကြပါ၊ တဏှာနားနဲ့ မနာကြပါနဲ့-ဉာဏ်နားနဲ့ နာပါလို့ အမိန့်ရှိခဲ့တာပေါ့၊ ဘာကြောင့် ဉာဏ်နားနဲ့ နာပါလို့ မှာခဲ့သလဲ ဆိုရင်—

ကျွန်တော်တို့ တသံသရာလုံးက သတ္တဝါ၏ စရိုက်က လောဘဆိုတဲ့ တဏှာနဲ့ ပျော်တယ်၊ မကျေနပ်မှု ရှိပြန်တော့လည်း ဒေါသနဲ့နေတယ်၊ အဲဒီ လောဘကို လောဘမှန်း မသိလို့ အမှန်မသိတာ မောဟပဲ၊ ဒေါသကို ဒေါသမှန်း မသိတာလဲ မောဟပဲတဲ့၊ အဲဒီ လောဘ-ဒေါသ မပါပဲလဲ မောဟကြီးပဲ ဖြစ်တယ်။

လောဘ-လောဘမှန်း မသိတာ မောဟ၊ ဒေါသ-ဒေါသမှန်း မသိတာ မောဟ၊ သစ္စာတရားကို မသိတဲ့ ပုဂ္ဂိုလ်မှန်သမျှသည် လောဘ, ဒေါသ, မောဟနဲ့ပဲ အချိန်ကုန်ပြီးနေတယ်တဲ့။

အဲဒီကဲ့သို့ လောဘ, ဒေါသ, မောဟနှင့်ပဲ အချိန်ကုန်စာယ်ဆိုတော့ သာသနာတွင်းမှာ ကြုံကြိုက်တဲ့ အခါမှာ လောဘ သိမ်းမှု၊ ဒေါသ သိမ်းမှု၊ မောဟဆိုတဲ့ မကောင်းမှုတွေ ချုပ်ငြိမ်းဖို့အလုပ်သည် သာသနာတွင်းမှာ လုပ်ရတဲ့

အလုပ်ဖြစ်ခြင်းကြောင့် တို့သာသနာနဲ့ ကြုံတဲ့အခါမှာဖြင့် သာသနာတွင်း ကုသိုလ်တွေရအောင် သာသနာတွင်း အလုပ်တွေကို လုပ်ပါတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချပြီး ကြုံတောင့်ကြုံခဲ သာသနာတွင်းသာ ဖြစ်လေတော့ သာသနာတွင်းမှာသာ ကြားရ–နာရတဲ့ သစ္စာတရားတွေ–သူတော်ကောင်းများအနေနဲ့ ဂရုစိုက်ပြီး လုပ်ကြပါလို့ အထူးပဲ တိုက်တွန်းချင်တယ်။

အဲဒီလို သစ္စာ တရားတွေကို လုပ်တဲ့ အခါမှာလည်း ကျွန်တော်တို့ လောကီရဲ့အာရုံတွေနဲ့တော့ ပဋိပက္ခဖြစ်မေလိမ့်မည်နော်၊ ဘာကြောင့် လောကီရဲ့ အာရုံတွေနဲ့ ပဋိပက္ခဖြစ်လဲဆိုတော့ ကျွန်တော်တို့တတွေ ရလာတဲ့ ဘဝမှာ ဘဝတဏှာကလည်း မိမိခန္ဓာကိုယ် မိမိချော့ထားတာပဲ၊ အဲဒီလို မိမိခန္ဓာကိုယ်ကို မိမိရဲ့ လောဘဆိုတဲ့ တဏှာကလည်း ချော့ထားတယ်။

သို့သော် သားရေး၊ သမီးရေး၊ စီးပွားရေးကလည်း မကင်းတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ သားပေါ် သမီးပေါ် မှာ တွယ်တာတဲ့ တဏှာရော မရှိဘူးလား (ရှိပါတယ်)။

ဒီ သားတွေ သမီးတွေ၏ စားဝတ်နေရေး လူချင်းတူတူ သူချင်းမျှမျှ ရှိစေရမယ်၊ ဘယ်တော့မှ လူ့အောက် သူ့အောက် မကျရဘူး၊ တို့သားသမီးတွေ ဂုဏ်မငယ်ရဘူး ဆိုပြီး

ဒီသားသမီးတွေရဲ့ အကျိုးတွေရော မိဘများက မဆောင် ရွက်ရဘူးလား (ဆောင်ရွက်ရပါတယ်)။

ဒါဖြင့် ဒီသားသမီးတွေကို မခင်လို့လား–ခင်လို့လားလို့ မေးရင်၊ ခင်လို့ပါဆိုတာကို ငြင်းစရာလိုသေးသလား (မလို ပါဘူး)၊ အဲဒီလို ခင်တာက တဏှာ (ဟုတ်ပါတယ်)၊ ဒီ သားသမီးကို ခင်မင်တာက တဏှာ၊ ဒီသားသမီးနဲ့ မခွဲနိုင် မခွာရက် ဖြစ်နေတာက ဥပါဒါန်၊ ဒီသားသမီးကို လုပ်ကျွေး နေရတာက ကံဆိုတော့ တဏှာ, ဥပါဒါန်, ကံတွေကို လုပ်မနေဘူးလားဗျာ (လုပ်နေပါတယ်)။

ဒီ တဏှာ, ဥပါဒါန်, ကံတွေ လုပ်နေလို့ရှိရင် လူ သေ တော့လဲလူပြန်မဖြစ်တော့ဘူး အပါယ်ကျသွားမယ်၊ လောဘ နဲ့သေရင် ပြိတ္တာ၊ ဒေါသနဲ့သေရင် ငရဲကျမှာပဲ၊ ဒီ လောဘ, ဒေါသ မသိပဲ မောဟနဲ့ သေပြန်ရင်လဲ တိရစ္ဆာန်ဖြစ်ရမယ် ဆိုတော့ အဲဒီ လောဘ, ဒေါသ,မောဟ၊ ငါ ဆိုတဲ့ ဒိဋ္ဌိတွေ၊ ကြီးမားသော မာနတရားတွေနဲ့ လုပ်နေကြမယ်ဆိုရင် ကျွန် တော်တို့ လူပြန်ဖြစ်စရာ အကြောင်း လုံးဝမရှိဘူးလို့ မှတ်ပါ နော်၊ အပါယ်လေးဘုံက တက်ခွင့်ကိုရမှာမဟုတ်ဘူးဆိုတော့ သိပ် နစ်နာတို့ကောင်းမသွားဘူးလား (ကောင်းပါတယ်)။

ဒါကြောင့် ဒိဋ္ဌိလဲ ပြုတ်ရအောင် သစ္စာလဲ ပေါ်လွင် အောင်လို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတဲ့ သစ္စာလေးပါးတရားကိုလဲ ဝင်အောင်ဆိုပြီး

ယနေ့ည ဝတ္ထုကြောင်းလေးနဲ့ အားလုံးသော သူတော်ကောင်းများကို ကျေးဇူးပြုပါမယ်။

ဒီဝတ္ထုကြောင်းက ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာလာတဲ့ ဝတ္ထုကြောင်းပါ၊ ဝတ္ထုကြောင်းကတော့ ခပ်ကျဉ်းကျဉ်းပါပဲ၊ ဒီဝတ္ထုကြောင်းကို အခြေခံထားပြီးတော့ သူတော်ကောင်းများ ဒိဋ္ဌိပြုတ်မှု၊ ကိုယ့်ရဲ့ခန္ဓာနဲ့ ဖြစ်စဉ်ကိုက်မှု၊ အဲဒါတွေကို ပေါ်လွင်အောင်လို့ ဝတ္ထုကြောင်းလေးထည့်ပြီး ပြောပေးပါမယ်။

ဒါဖြင့် သူတော်ကောင်းများအနေနဲ့ သောတာပန်ဖြစ်ချင်ရင် ဘာမှအထူးမလုပ်ရပါဘူးခင်ဗျာ၊ မိမိရဲ့ ခန္ဓာမှာစွဲနေတဲ့ ဒိဋ္ဌိကို အရင် ဖြုတ်ပါလို့ တိုက်တွန်းလိုက်ပါတယ်။ သောတာပန် ဖြစ်ချင်ရင် ဘာလုပ်ရမတုန်း (ဒိဋ္ဌိအရင်ဖြုတ်ရပါမယ်)၊ အဲဒီ ဒိဋ္ဌိပြုတ်သွားရင် ဝိစိကိစ္ဆာပါ ရောပြုတ်ပါတယ်လို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း ဆုံးဖြတ်ချက်ချတယ်၊ ဆရာတော်ကြီးက ဆုံးဖြတ်ချက်ချတယ်လို့ မယူပါနဲ့တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူသော ပါဠိတော်ပါ၊ဘုရား၏အလိုကျကို သိတဲ့ ဗုဒ္ဓမတညဆိုတဲ့ ကျမ်းပြု အဋ္ဌကထာဆရာများကိုက ဒိဋ္ဌိပြုတ်ရင် ဝိစိကိစ္ဆာပါရောပြီး ပြုတ်ပါတယ်လို့ ဆုံးဖြတ်ချက် ချထားတယ်။ ဒါဖြင့် ကျွန်တော်တို့မှာ ခန္ဓာငါးပါး ရရှိထားသော လူပဲ၊ တိရစ္ဆာန်ပဲလို့ ခွဲခြားပြီး ခေါ်ဝေါ်

သမုတ်ကြတာပေါ့၊ သို့သော်လဲ လူဆိုတာ ရှာကြည့်စမ်းပါ၊ ရှာလို့ ရရဲ့လားလို့ (မရပါဘူး)။

မိမိ ခန္ဓာကိုယ်မှာ မိမိ သေသေချာချာ စစ်ဆေးပါ၊ ရုပ်တရားလေးကို ကိုင်ကြည့်လိုက်မယ်ဆိုရင်လည်း ပူမှု၊အေးမှု လေးတွေ မရှိဘူးလား (ရှိပါတယ်)၊ ဒါ ရုပ်တရား၊ပဲ မိမိကိုယ်ကို မိမိ ယောကျ်ားပဲ မိန်းမပဲလို့ ထင်တဲ့အခါကျ တော့ ကိုယ့်ကိုကိုယ် ပြန်ပြီးတော့ ဗယ်လက်ကို ညာလက်နဲ့ စမ်းသပ်ကြည့်ပါ၊ ယောကျ်ား, မိန်းမတွေလား (ပူမှု အေးမှု ပဲ တွေ့ပါတယ်)။ အဲဒီ ပူမှု, အေးမှုတွေဟာ ယောကျ်ား, မိန်းမလား၊ ရုပ်တရားတွေလား (ရုပ်တရားတွေပါ)။ သိမှုလေးရော မပါဘူးလား (ပါပါတယ်)။ အဲဒီ သိမှုက နာမ်တရား၊ ပူမှု,အေးမှုက ရုပ်တရား၊ သိမှုက (နာမ်တရား) အဲဒါပဲ ရှိတာပဲ၊ ဒီအပြင် ဘာတွေ ပါသေးသလဲ (မပါ ပါဘူး)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးမှာဆိုရင် ရုပ်တရားနဲ့နာမ်တရားပဲ ရှိတယ်၊ အဲဒီ ရုပ်တရား နာမ်တရားကို ခန္ဓာနဲ့ ဖြန့်လိုက်မယ် ဆိုရင် ခန္ဓာငါးပါးရှိတယ်၊ အာယတနနဲ့ ဖြန့်လိုက်ရင် အာယတန တဆယ့်နှစ်ပါးရှိတယ်၊ ဓာတ်နဲ့ဝေဖန်လိုက်ရင် ဓာတ် တဆယ့်ရှစ်ပါးရှိတယ်၊ ရုပ်နာမ်ခန္ဓာ, အာယတန, ဓာတ်, သစ္စာ မဆိုဘူးလားဗျာ (ဆိုပါတယ်)။

သစ္စာက ဘာလဲဗျာ (အမှန်တရားပါ)၊ ရုပ်နာမ်ခန္ဓာ, အာယတန,ဓာတ်ပဲ ရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူး ဆိုတာ အမှန်၊ အမှန်သည် (သစ္စာပါ)၊ အဲဒါကို ပေါ်လွင်အောင် ဝတ္ထုကြောင်းလေးနဲ့ ပြောရမယ်ဆိုတော့ ဒီဝတ္ထုကြောင်း လေးကို သူတော်ကောင်းများ နာဘူးကြပါတယ်။ နာဘူး ပေမဲ့လဲ ဒီဝတ္ထုကြောင်း ထုတ်ရခြင်းဟာ သူတော်ကောင်း များကို ဒိဋ္ဌိပြုတ်စေချင်တယ်၊ အလုပ်ပေးလေးလဲ ပါစေ ချင်လို့ ထပ်မံပြီး ကျေးဇူးပြုလိုက်ပါတယ်။

ဟိုရှေးတုန်းက ဘုန်းကြီးကျောင်းမှာဆိုရင် ကျောင်း သား (၂)ယောက် ရှိပါတယ်၊ ကျောင်းသား နှစ်ယောက် ရှိပေမဲ့ ဘုန်းကြီးမှာ စာပေပရိယတ္တိကတော့ သူသင်အံ လေ့ကျင့်မှုက ဘယ်လောက်ရှိတယ်ဆိုတာတော့ မသိဘူးပေါ့ ဗျာ၊ ဒါပေမယ့် ဒီဘုန်းကြီးက ဘာဝါသနာပါလဲဆိုတော့ အင်္ဂရုတ် ဝါသနာပါတယ်၊ သူ့ရဲ့ ဝါသနာအတိုင်း ဘုန်း ကြီးက အင်္ဂရုတ်ထိုးတယ်၊ သူ့ရဲ့တပည့် ကျောင်းသားလေး နှစ်ယောက်ကို တယောက်တလှည့်စီ ဖိုဆွဲခိုင်း၊ ကျောင်းသား လေး တယောက်ကတော့ သူ့ဆရာဘုန်းကြီး ခိုင်းတဲ့အတိုင်း စိတ်ပါလက်ပါ ဖိုဆွဲတယ်။

တယောက်သော ကျောင်းသားကတော့ ဒီအင်္ဂရုတ် အလုပ်ကို စိတ်မဝင်စားတော့ ရှောင်ဖယ် ရှောင်ဖယ်နဲ့ လုပ် နေတယ်၊ ဘုန်းကြီးခေါ်တိုင်းလဲ မသွားပဲ ပေတေတေ

ကပ်တပ်တပ် လုပ်ပြီး ရှောင်နေတတ်တယ်၊ ဘုန်းကြီးကလဲ ခိုင်းကောင်းတဲ့ ကျောင်းသားကို အစစ အရာရာ ခိုင်းတော့ ကျောင်းသားလေးကလည်း တဖြည်းဖြည်းနဲ့ အင်္ဂါရုတ် ထိုးတဲ့အလုပ်ကို အတော်လေး အကျွမ်းဝင်လာတယ်၊ သူ့ရဲ့ ဆရာ ဘုန်းကြီးက အင်္ဂါရုတ်ထိုးတဲ့ ဖိုရုံထဲဝင်ရင် သူကလည်း နောက်ကနေ လိုက်သွားတော့ ဆရာတပည့် နှစ်ယောက် အင်္ဂါရုတ်အလုပ်နဲ့ပဲ အချိန်ကုန်နေတယ်၊ တယောက်သော ကျောင်းသားလေးကတော့ ဆော့မှု ကစားမှုနဲ့ပဲ အချိန် ကုန်နေရင်း ၁၁-နှစ်-၁၂-နှစ်သား အရွယ်လောက်ကျ တော့ မိဘတွေက ရှင်ပြုပေးတယ်၊ သာမဏေလေး နှစ်ပါး ပေါ့လေ၊ ဒီကျောင်းမှာပဲ ဆရာဘုန်းကြီးနဲ့ အင်္ဂါရုတ် အလုပ်ပဲ ဆက်လုပ်နေရင်း (၁၄-၅-၈-နှစ်) အရွယ်လောက် ရောက်လာတော့တာပေါ့။

ကိုရင်လေးနှစ်ပါးဟာ သာသနာ့ဘောင်မှာ မပျော် တော့ဘူး၊ လူထွက်ပြီး မိဘများနှင့်ပြန်ပြီး လုပ်ကိုင် စား သောက်နေတော့ ဘုန်းကြီးကျောင်းမှာ ဖိုဆွဲပေးတဲ့ ကိုရင် လူထွက်လေးက အင်္ဂါရုတ်ထိုးတာကို ဝါသနာ ပါသွားတဲ့ အတိုင်း အင်္ဂါရုတ်ထိုးတယ်။ ဘာတွေ ထိုးသတုန်းဆိုတော့ အင်္ဂါရုတ်သမားတို့ရဲ့ ထုံးစံအတိုင်း ပြဒါးတို့ သံတို့ပေါ့လေ၊ ပြဒါးဝိဇ္ဇာ, သံဝိဇ္ဇာ, အင်းဝိဇ္ဇာ, ဆေးဝိဇ္ဇာ, မန္တန်ဝိဇ္ဇာ ဆိုတဲ့ ဝိဇ္ဇာအမျိုးမျိုးထဲမှာ သူဖြစ်ချင်တာကတော့ ပြဒါး

ဝိဇ္ဇာ၊ အဲဒီလို ပြဒါးဝိဇ္ဇာ ဖြစ်ချင်တော့ ပြဒါးကိုပဲ ဂရု တစိုက်နဲ့ ထိုးလိုက်တယ်၊ သိပ်မကြာဘူး၊ ပြဒါးသေရော၊ အဲဒီ သေနေတဲ့ပြဒါးကို ပြန်ပြီး အသက်ရှင်အောင် သွင်းနိုင်မှ ပြဒါးရှင်လုံးဆိုတာကို ရမှာကိုးဗျ၊ ဒါနဲ့ သူက အဂ္ဂိရတ် သမားတို့၏ ထုံးစံအတိုင်း ပြဒါးသေတယ်ဆိုရင်ပဲ ပထမ အဆင့် အောင်ပြီ ဆိုပြီး ဝမ်းသာမိတယ်၊ တခါ ဒုတိယ အဆင့်က ကျန်နေတော့ သေသွားတဲ့ ပြဒါးကို အသက် ပြန် သွင်းရအုံးမှာမို့ နေ့မအိပ် ညမအိပ် ကြိုးစားစီမံလိုက်တယ်၊ သေတဲ့ပြဒါးကနေ ပြန်ပြီး အသက်လဲဝင်ရော တခါတည်း ပြဒါးဝိဇ္ဇာအဖြစ် ရောက်သွားတော့တာပေါ့၊ အဲဒီလို ပြဒါး ဝိဇ္ဇာလည်း ဖြစ်သွားရော သူက ရပ်ထဲ ရွာထဲမှာ မနေတော့ ဘူး၊ ဟိုလူသူမနီးတဲ့ ဟိမဝန္တာတောင်တန်းတို၊ ဂန္ဓာမဒန တောင်တန်းတို့မှာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်အဖြစ်နဲ့ သွားပြီး နေတယ်။

ဝိဇ္ဇာဓိုရ်ရဲ့ ကျောင်းနေဘက် သူငယ်ချင်း ကတော့ ကျောင်းမှာ နေစဉ်ကတည်းက သူ့ရဲ့ ပေတေတေ ကပ်တပ် တပ်ဆိုတဲ့ ညဉ်ဆိုးက ရှိနေတဲ့အတိုင်း ရပ်ထဲရွာထဲမှာရောက် တဲ့အခါကျတော့လည်း အပေါင်းအသင်းလည်း စုံနေပြန် တော့ ကျောင်းမှာနေတုန်းကထက် ပိုပြီးဆိုးပေနေတာပေါ့၊ အဲဒီလိုနဲ့ ရပ်ထဲရွာထဲမှာ ပေရင်း တေရင်းနဲ့ပဲ အသက် လေးက (၂၀-၂၅) ဖြစ်ပြီးလာတော့ အရွယ်လေးကလည်း

ရ၊ လူကြီးများကလည်း သူနဲ့သင့်တော်မဲ့ အမျိုးသမီးလေး တစ်ယောက်နဲ့ အိမ်ထောင်ပြုပေးလိုက်လို့ သူ့အိုး သူ့အိမ်နဲ့ ခွဲပြီးနေတော့လည်း သူ့ရဲ့ဗီဇကို ဖျောက်မှမဖျောက်ပဲ ပညာကလည်း မရှိတော့ ပေပေတေတေ ဆင်းဆင်းရဲရဲနဲ့ပဲ တောရဲ့ သဘာဝအလျောက် လုပ်ကိုင်စားသောက် နေရတာပေါ့၊ နွေရာသီ ရောက်တော့လည်း ထင်းတို့ ဝါးတို့ ခုတ်ရောင်းရ၊ တခါ မိုးရာသီ ရောက်လာပြန်တော့ ဂုံမင်း, တောက်တာ, မာလာ, ကညွတ်, မျှစ်, ဖလံတောင်ဝှေးမှ မကျန်ရအောင် ရာသီစာလေးများ ခူးဆွတ်ရောင်းချပြီး စားသောက်နေရတယ်တဲ့၊ နေ့စဉ်ပဲ မနက် မိုးလင်းတယ်ဆိုရင် ဓားမတချောင်းကိုင်၊ ပလိုင်းတလုံး ဘေးမှာ လွယ်ပြီး တယောက်တည်း တောထဲသွားပြီး ဝမ်းရေးအတွက် ရှာရ ဖွေရနဲ့ အချိန်ကုန်ရတော့တယ်။

တနှစ်လာလည်း ဒီတော၊ နောက်နှစ်ကျပြန်တော့လည်း ဒီတော ဆိုတော့ ဒီလူဟာ ဒီတောမှာတော့ အတော်လေး ကျင်ကျင်လည်လည်ဖြစ်ပြီးတော့ ကျွမ်းနေတာပေါ့၊ ဒီတောမှာ အုပ်စိုးပြီးနေတာကလည်း ဘီလူးမဆိုတော့ ဒီလူသားဟာ နေ့တိုင်း အဖော်မပါပဲ တယောက်ထီး လာလာနေတာကို ဘီလူးမက ကြည့်ပြီး ဒီလူသားဟာ အဖော်လည်းမပါဘူး၊ တယောက်ထီး ငါ့ရဲ့ ပိုင်နက်ထဲမှာ သွားလာ လှုပ်ရှားနေတာ ကြာပြီတဲ့၊ ငါနေရတာကလည်း တယောက်ထီးတဲ့၊

ဘီလူးမက စဉ်းစားတယ်၊ အဲဒီတော့ ဒီလူသားကို ငါ့ရဲ့ ကမ္မဇိဒ္ဓိတန်ခိုးနဲ့ မျက်စိလည် လမ်းမှားအောင်လုပ်ပြီး ခေါ် ယူပေါင်းသင်းရရင် ကောင်းမှာပဲလို့ စိတ်ကူးပြီး သူ့ရဲ့ ကမ္မဇိဒ္ဓိ(ဝါ)ဘီလူးတို့ရဲ့အတတ်နဲ့ လှည့်စားပြီး ထားလိုက်တယ်၊ ကမ္မဇိဒ္ဓိတန်ခိုးဆိုတာက ကမ္မဇ+ဣဒ္ဓိ၊ ကမ္မဇ – အတိတ်ကံ စွမ်းကြောင့်၊ ဣဒ္ဓိ-ပြီးမြောက်ခြင်း၊ သူ့ရဲ့အတိတ်က ပြုလုပ်ခဲ့တဲ့ ကံအစွမ်းကြောင့် အလိုရှိတာကို ပြီးမြောက်အောင် ပြုလုပ်နိုင်တဲ့ စွမ်းအားရှိတယ်။

ဒါနဲ့ လူသားကို မျက်စိလည် လမ်းမှားအောင်လုပ်ထား လိုက်တော့ နံနက် ၁၀-နာရီ ၁၁-နာရီလောက် ရောက်တယ်ဆိုရင်ပဲ နေကလည်းပူ၊ ရေကလည်းငတ်၊ ဝမ်းကလည်း ဆာ၊ ခရီးကလည်းပန်းဆိုတော့ ကိုယ့်ခြေလှမ်းမှ ကိုယ် မလှမ်းချင်လောက်အောင်ဖြစ်လို့ အရိပ်ကောင်းတဲ့ သစ်ပင် အောက်မှာ အပန်းဖြေရင်း စဉ်းစားနေတယ်တဲ့၊ ငါ ဘယ် လိုများဖြစ်ပါလိမ့်၊ ဒီတောနဲ့ ဒီခရီး၊ ဒီလမ်းကို နေ့စဉ် သွား လာပြီးနေတာ နှစ်ပေါင်းလည်း မနည်းတော့ဘူး၊ တခါမှ ဒီအဖြစ်မျိုးနဲ့လည်း မကြုံဘူး၊ မဖြစ်ဖူးဘူး၊ ဒီနေ့မှ ဘယ်လို များ ဖြစ်ပါလိမ့်လို့ အပန်းဖြေရင်း စဉ်းစားပြီးနေတယ်။

အဲဒီလို စဉ်းစားရင်း နေကလည်း မွန်းတည့်လာတော့ ငါ ထိုင်ပြီး စဉ်းစားနေလို့လည်း မဖြစ်သေးပါဘူး၊ လမ်း တွေ့အောင်တော့ ရှာဦးမှဖြစ်မယ်ဆိုပြီး လမ်းစ လိုက်ရှာ

တယ်၊ အဲဒီလို ရှာရင်းနဲ့ပဲ တဖြည်းဖြည်း နေ့လည်ပိုင်းရောက်လာတော့ နေကလည်းပူ၊ ရေကလည်းငတ်၊ မနက် မိုးလင်းကတည်းက ဘာအစာမှလည်း မစားလာတော့ လူသားခမြာခြေလှမ်းတောင်မှ မှန်မှန် မလှမ်းနိုင်တော့ဘူး၊ ဒါနဲ့ပဲ မောမောနဲ့ တလှမ်းချင်း လျှောက်ရင်းနဲ့ တယောက်ထီးလမ်းစရှာလာလိုက်တာ နေကလည်း စောင်းလာရော လူသားမှာအားငယ်စိတ်ကလေးတွေ ဝင်လာတယ်၊ ငါ ပြန်လမ်းမှမတွေ့ချင်တော့ ဒီတောထဲမှာ မိုးချုပ်သွားရင် ဒုက္ခပဲလို့ တွေးပြီးအားငယ်လာတယ်။

ဒီလို အားငယ်စိတ်တွေ ဝင်နေတဲ့ အချိန်မှ ဘီလူးမကအပိုင်ဖမ်းမှာကိုး ဗျ၊ ဘီလူးမကလည်း တချိန်လုံး လူသားရဲ့အနောက်က နောက်ယောင်ခံလိုက်ပြီး အခြေအနေ အကဲခပ်နေတော့ လူသားဖြစ်စဉ်ကို သူက အကုန် သိနေတော့တာပေါ့၊ ငါ အခုအချိန်မှာ လူယောင်ဖန်ဆင်းပြီး သူနဲ့သွားစကားပြောမယ်၊ နောက်ပြီး ငါလိုရာ ခေါ်သွားမယ်လို့ဆိုပြီး ဘီလူးတို့ရဲ့ ကမ္မဇိဒ္ဓိတန်ခိုးနဲ့ (ဝါ) အတတ်ပညာနဲ့အသက် ၁၈-နှစ် ၁၉-နှစ် အရွယ်လောက် ချောချောလှလှလေးဖြစ်အောင် ဖန်ဆင်းပြီး လူသားနဲ့ မလှမ်းမကမ်းကနေအသံပေးလိုက်တယ်၊ လူသားမှာ ယခုလိုအချိန်မျိုးမှာ လူသံကြားလိုက်ရတယ်ဆို အားတက်သရောနဲ့ အသံလာရာဘက်ကိုပြေးကြည့်လိုက်တော့ သူကလည်းအကြည့်၊ ဟိုက ဘီလူးမက

လည်း ကိုယ်ရောင်အပြ ဆိုတော့ သွားပြီး တွေ့တာပေါ့၊ အဲဒီလို တွေ့တယ်ဆိုတော့ လူသားမှာ မျက်စိ မပါဘူးလား ဗျာ (ပါပါတယ်)။ အဲဒီလို မျက်စိပါတော့ ခုနက ဘီလူးမက ဖန်ဆင်းလိုက်တဲ့ အမျိုးသမီးလေးမှာလည်း မြင်စရာ အဆင်းရူပါရုံကပါတော့ အဲဒီအမျိုးသမီးရဲ့ အဆင်း ရူပါရုံကို လူသားရဲ့မျက်စိနဲ့ သွားတွေ့တော့ မြင်စိတ်ဆိုတာ လေး ပေါ်မလာဘူးလားဗျာ (ပေါ်လာပါတယ်)။

အဲဒါကို ပါဠိတော်ကတော့ "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော" သုံးပါးဆုံတာ ဖဿဖြစ်တယ်ဆိုတော့ ကျွန်တော်တို့ လူသားက အမျိုးသမီး လေးကို ကြည့်လို့ ဆုံတာလား၊ မကြည့်ပဲ ဆုံတာလား (ကြည့်လို့ ဆုံတာပါ)။

အမျိုးသမီးလေးရဲ့ အဆင်း ရူပါရုံ ဆိုတဲ့ ဝဏ္ဏဓာတ် ကလေးနဲ့ လူသားရဲ့ မျက်စိ ဆိုတဲ့ သဋ္ဌာယတန (၆)ပါးမှာ မျက်စိပါတယ်နော် (ပါပါတယ်)။ အဲဒီ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ ဒါကို သဋ္ဌာယတန(၆)ပါး ခေါ်တယ်၊ ကျွန်တော်တို့ လူသားတွေမှာလည်း ဒီ(၆)ပါး ရှိထားတော့ မျက်စိဆိုတဲ့ ရုပ်နဲ့ အဆင်းရူပါရုံဆိုတဲ့ ရုပ်နဲ့ သွားတိုက်တော့ မြင်စိတ်ကလေးက မပေါ်လာဘူးလား (ပေါ်ပါတယ်)။

မျက်စိရယ်၊ မြင်စိတ်ရယ်၊ အဆင်းရယ် (၃)ပါးဆုံလိုက်တာ ဖဿလို့ခေါ်တယ်။ သုံးပါး ဆုံတာ ဘာခေါ်လဲ (ဖဿပါ)။ ဖဿဖြစ်တော့ ဖဿပစ္စယာ ဘာပေါ်မလဲ (ဝေဒနာ ပေါ်ပါတယ်)။ မြင်လို့ ကောင်းလိုက်တာဆိုတဲ့ ဝေဒနာလေး ပေါ်လာတော့ ဝေဒနာပစ္စယာ (တဏှာပါ)၊ မြင်လို့ဝမ်းသာပြီးတော့ ခင်စိတ်ကလေး ပေါ်မလာဘူးလား (ပေါ်ပါတယ်)။ ကြည့်လို့ ကောင်းလိုက်တာဆိုပြီး မျက်တောင်မခပ်ပဲ စူးစူးစိုက်စိုက်ကြည့်နေတာက ဥပါဒါန်၊ လူသားမှာလည်း အတော် စွဲလမ်းသွားပြီ၊ မစွဲလမ်းဘူးလား (စွဲလမ်းပါတယ်)။ မမြင်လို့လား၊ မြင်လို့လား (မြင်လို့ပါ)။ မြင်တာက မြင်စိတ်၊ ဆုံတာက ဖဿ၊ မြင်လိုက်လို့ဝမ်းသာတာက (ဝေဒနာ)၊ ခင်တာက (တဏှာပါ)၊ စွဲလမ်းနေတာက (ဥပါဒါန်)၊ မခွဲနိုင် မခွာရက်ဖြစ်နေတဲ့ ဥပါဒါန်နော် (ဟုတ်ပါတယ်)။ ဒီအချိန်မှာ လူသား ထမင်းဆာရေငတ် ပျောက်နေတယ်။

ဥပါဒါနပစ္စယာ ကမ္မဘဝ ဆိုတာက အချိန်မတော်တောထဲတောင်ထဲမှာ အဖော်လည်းမပါ၊ တယောက်ထီးဘယ်သူ့သမီးလေးပါလိမ့်လို့ ဖွင့်ပြောတာ ဝစီကံ၊ ကမ္မဘဝကံမြောက်မသွားဘူးလား (မြောက်ပါတယ်)။ မြင်တာကအစ ကံအမြောက်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် (၆)ချက် တန်းသွားတယ်၊ ဘယ်နှစ်ချက် တန်းသွားတုန်း (၆ ချက် တန်း

သွားတယ်)။ မြင်, တွေ့, ခံစား, ခင်, စွဲလမ်း, ပြောဆို ဆိုတဲ့ (၆)ချက် တန်းသွားတယ်၊ စောစောတုန်းကတော့ လူသားခမျာ မျက်စိလည် လမ်းမှားပြီး စိတ်တွေဘာတွေ ညစ်နေတဲ့အချိန် ယခုလို အလွန် ချောမောလှပတဲ့ အမျိုး သမီးလေးကို တွေ့လိုက်တော့ သူ့မှာ စောစောက ညစ်နေတဲ့ စိတ်တွေ ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး၊ အားလုံး ပျောက်သွားတယ်။

အမျိုးသမီးလေးမြင်တော့ လူသားမှာ ဘာဖြစ်သွား လဲ (စိတ်ညစ် ပျောက်သွားပါတယ်)။ စိတ်ညစ်တဲ့ အချိန် တုန်းကတော့ သူ့မှာ ဒေါသတွေဖြစ်ပြီး နေတာပေါ့၊ ကျွန် တော်တို့ ဒေါသဆိုတာကတော့ ဆုတ်နစ်တဲ့ ဒေါသဆိုတာ လည်းရှိတယ်၊ တက်ကြွတဲ့ ဒေါသလည်း ရှိတယ်၊ ဥပမာ ကျွန်တော်တို့ကို အခြားသော လူတယောက်က လာပြီးဘော့ မင်းကို ငါက ဘာထင်တယ်၊ ညာထင်တယ်နဲ့ လာပြောယင် ကျွန်တော်တို့ကလည်း ငါကလည်း မင်းကို ဘာထင်ရမှာ တုန်းကွ၊ ဘာညာနဲ့ ထ,ပြီး ဖြစ်တာကို တက်ကြွတဲ့ ဒေါသ လို့ ခေါ်တယ်။

နောက်တခါ အချိန်ကလည်း မရှိ၊ နေ့ရတာကလည်း တောထဲဆိုတော့ အားကိုးကလည်း မဲ့လိုက်တာ၊ ဒီလို အဖြစ် ဆိုးနဲ့မှ ငါ့မှာ ကြုံမှကြုံရလေချင်းဆိုပြီး ဝမ်းနည်းနေတာက ဆုတ်နစ်တဲ့ ဒေါသလို့ ခေါ်တယ်နော်၊ အဲဒါကြောင့်

လူသားမှာလည်း ဆုတ်နစ်တဲ့ဒေါသနဲ့ တက်ကြွတဲ့ ဒေါသ ဆိုတာ နှစ်မျိုးရှိတယ်၊ မရှိဘူးလားဗျ၊ (ရှိပါတယ်)။ အဲဒီ လူသားမှာ မျက်စိလည်လမ်းမှားနေတုန်းကတော့ အင်မတန် စိတ်ညစ်ပြီးတော့ စိတ်ဆင်းရဲနေတဲ့ ဒေါမနဿဆိုတဲ့ ဒုက္ခ ဝေဒနာကို ခံစားနေရတယ်၊ လှပတဲ့အမျိုးသမီးလေး တွေ့ လိုက်တာနဲ့ မြင်တွေ့ခံစားဆိုတဲ့ ဝမ်းသာလုံးလေး ပေါ်လာ တယ်၊ အဲဒီလို ပေါ်လာတော့ စိတ်ညစ်တဲ့ ဒေါသလေး ပျောက်သွားပြီး နောက် ဘယ်သူ ပေါ်လာလို့တုန်း (ဝမ်းသာလုံးလေး ပေါ်လာလို့ပါ)။ ဒါ ခန္ဓာမှစ ပေါ် တာနော် (ဟုတ်ပါတယ်)။ စိတ်ညစ်တယ်ဆိုတဲ့ ဒေါမနဿ ဝေဒနာလည်း ခန္ဓာမှာပဲ ပေါ်တယ်၊ ဟိုမှာမြင်လို့ သော မနဿဝေဒနာလည်း (ခန္ဓာမှာပဲ ပေါ်ပါတယ်)။ အဲဒီတော့ စိတ်ညစ်သွားသလား-ဝမ်းသာသွားသလား (ဝမ်းသာသွား ပါတယ်)။

အဲဒီလို ဝမ်းသာသွားတော့ သောမနဿ၊ ဝေဒနာပစ္စယာ တဏှာဆိုတော့ ပျော်ရွှင်မှုဆိုတဲ့ တဏှာ ပေါ်မလာဘူးလား (ပေါ်လာပါတယ်)။ တဏှာပစ္စယာ ဥပါဒါန် ဆိုတော့ အဲဒီအာရုံကို စွဲလမ်းပြီး မခွဲနိုင် မခွာရက်တဲ့ ဥပါဒါန်ပစ္စယာ ကမ္မဘဝေါဆိုတော့ ကာယကံ, ဝစီကံနဲ့ ပြောဆိုမှုက ဖြစ်ပြန် တော့ ကမ္မဘဝက မလာဘူးလား (လာပါတယ်)။ ဒါ ဖြစ်စဉ်လေးပေါ့ဗျာ။ ကောင်းပြီ၊ လူသားမှာ အမျိုးသမီး

လေးလည်း တွေ့လိုက်ရော စိတ်ညစ်တာတွေ ပျောက်ပြီး တော့ ဒါဟာ ဘယ်သူ့သမီးလေးပါလိမ့်လို့ဆိုပြီး သွားစ တွေ့မယ်ကြံနေတုန်း ဟိုက အနား ရောက်လာပြီးတော့ အစ်ကိုက ဘယ်ကိုသွားလို့ ဘယ်က လာတာလဲလို့ မေး လိုက်တယ်၊ အဲဒီလို သာယာတဲ့ အသံလေးလည်း ကြားလိုက် ရော သဒ္ဒအသံဆိုတဲ့ အသံနဲ့ လူသားရဲ့နားနဲ့ သွားမတိုက်ဘူး လစ (တိုက်ပါတယ်)။ သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ” ဆိုတဲ့ ကြားစိတ်လေး ပေါ်ပြန်ရော၊ တိတ္တုံ့ သင်္ကိ ဖဿော သုံးပါးဆုံတာ ဖဿ၊ အဲဒီအသံလေးကို ကြားပြီး ဝမ်းသာနေတယ်ဆိုတာက ဝေဒနာ၊ ကြား ကာမတ္တ ဥပေက္ခာဝေဒနာလို့ ခေါ်တယ် (ဟုတ်ပါတယ်)။

အသံလေးကြားလိုက်လို့ ချမ်းသာသွားတာက သုခ ဝေဒနာ ခေါ်တယ်၊ ဝေဒနာပစ္စယာ တဏှာ ကြားတဲ့အသံ လေးပေါ်မှာ သာယာတာက တဏှာ၊ အသံလေးကို စွဲလမ်း နေတာက ဥပါဒါန်၊ ကြားစိတ်က အသံလေးကို မကြား လိုက်ဘူးလား (ကြားပါတယ်)။ သုံးပါးဆုံတာက ဖဿ၊ ကြားတဲ့အသံလေးကို စိတ်ချမ်းသာပြီးနေတာက (ဝေဒနာ ပါ)၊ အသံလေးကို သာယာနေတာက (တဏှာပါ)။ အဲဒီ အသံလေးကို စွဲလမ်းနေတယ်၊ ဖျောက်လို့မရဘူး ဆိုတာက (ဥပါဒါန်)၊ ကျုပ်လည်း မျက်စိလည် လမ်းမှားနေတယ်လို့ ဖွင့်ပြောတာက ကံ၊ ဒါဖြင့် နားကလည်း ကံမြောက်တာပဲ၊

မျက်စိကလည်း ကံမြောက်တာပဲ၊ ရူပါရုံ ဆိုတဲ့ အဆင်း ဒဏ်ချက်က မှန်ပြန်ယင်လည်း ကံကမြောက်တာပဲ၊ သဒ္ဒါရုံ ဆိုတဲ့ အသံကမှန်တော့လည်း ကံက မမြောက်ဘူးလား (မြောက်ပါတယ်)။

ဘီလူးမကလည်း သူ့ကိုယ်သူ လှလှပပလေး ဖြစ်အောင် ဖန်ဆင်း ဖီးလိမ်းထားပြန်တော့ အဲဒီလို လိမ်းကျံထားတဲ့ အမွှေးနံ့သာလေးက ရှိပြန်တော့ အနံ့ ဆိုတာကလည်း မွှေးရင်လည်း မွှေးတယ်၊ နံရင်လည်း နံတယ်၊ ညှီရင်လည်း ညှီတယ်ဆိုတော့ ဘာနံ့ပဲနံနံ အနံ့ဟာ အနံ့ပဲပေါ့ (ဟုတ်ပါတယ်)။

အနံ့ဆိုတာ ဂန္ဓာရုံဆိုတော့ ဒါရုပ်တရားပေါ့၊ အဲဒီတော့ ကိုယ်ကလည်း ဖီးလိမ်းထားတဲ့အနံ့နဲ့ လူသားရဲ့ နှာခေါင်းနဲ့ သွားတိုက်လိုက်တော့ နံစိတ်ကလေး မပေါ်ဘူးလား (ပေါ်ပါတယ်)။ ဒါဖြင့် ဃာနနဲ့ ဂန္ဓာရုံ နှစ်ခု တိုက်လိုက်တော့ နံစိတ်ကလေး ပေါ်ပြန်ရော၊ တိဏ္ဏံ သင်္ဂတိ ဖဿ ဆုံပြန်ရော၊ ဟုတ်ရဲ့လား (ဟုတ်ပါတယ်)။ အဲဒီ အနံ့ကလေးကို သူ့နှာခေါင်းမှာ နံလိုက်ကတည်းက သူ့ရဲ့ စိတ်ထဲ ချမ်းသာသွားတာက (ဝေဒနာပါ)။ ဝေဒနာပစ္စယာ တဏှာ၊ အနံ့လေးကို သာယာတာက တဏှာလို့ခေါ်တယ်၊ အဲဒီအနံ့ကလေးကိုပဲ သူ့စိတ်ထဲမှာ နှာလို့မရအောင်စွဲလမ်း တာက (ဥပါဒါန်ပါ)၊ ဒီအနံ့လေးကိုပဲ မကြာခဏ ရှူရှိုက်

နေတာက ကံပြောက်သွားတာပေါ့၊ မပြောက်ဘူးလား (ပြောက်ပါတယ်)။

မျက်လုံးတိုက်လိုက်လည်း ကံပြောက်တာပဲ၊ နားတိုက်လိုက်လည်း ကံပြောက်တယ်၊ နှာခေါင်းတိုက်လိုက်ယင်ရော ဘာပြောက်မတုန်း (ကံပြောက်ပါတယ်)။ အဲဒီလို ကံတွေပြောက်ပြီးနေတော့ သူ့မှာ စိတ်ညစ်တာ ပါသေးသလား (မပါပါဘူး)။ မပါတော့ပါဘူးဗျ။ ဒါကြောင့် မျက်စိ, နား, နှာခေါင်းဆိုတာက ကံပြောက်ရာ ဌာနတွေပါ (ဟုတ်ပါတယ်)။

ဒါဖြင့် အဲဒီကံတွေက ပြောက်ချင်လို့ပြောက်တာလား- ပဋိစ္စသမုပ္ပါဒ် တန်းသွားတာလား၊ (ပဋိစ္စသမုပ္ပါဒ် တန်းသွားလို့ပါ)။ ယောဂီတို့ သေသေချာချာ မှတ်ထားကြပါ၊ ကျွန်တော်တို့ ပဋိစ္စသမုပ္ပါဒ်ဆိုတာက ဘုရားပွင့်လဲ ရှိတယ်၊ ဘုရားမပွင့်လဲ ရှိတယ်၊ သို့သော် ဒီလိုတန်းပြီး ဖြစ်နေတယ်ဆိုတာကို ဘုရားပွင့်မှ ကျင့်ကြံအားထုတ်ပြီး၊ ခန္ဓာဖြစ်စဉ်ကို ပေါ်လွင်အောင် ဟောမှပြောမှ ကျွန်တော်တို့က သိရတာပါဗျနော် (ဟုတ်ပါတယ်)။ ဒါဖြင့် ကျွန်တော်တို့ရဲ့ ခန္ဓာဖြစ်စဉ်နဲ့တော့ မကိုက်ဘူးလား (ကိုက်ပါတယ်)။

ကျွန်တော်တို့မသိတဲ့အခါမှာ အဝိဇ္ဇာကဖုံးတယ်၊ သိတဲ့အခါကြတော့ ဝိဇ္ဇာဉာဏ်ရတယ် မှတ်ပါ၊ ဝိဇ္ဇာ ဆိုတာက လည်း ဘုရားပွင့်မှ ပေါ်တာဖြစ်ခြင်းကြောင့် ကျွန်တော်တို့

တတွေမှာ သာသနာနဲ့ကြုံတုန်း ဆုံတုန်းမှာဖြင့် သာသနာနဲ့ တွေ့ရကျိုးနပ်အောင် ကြုံရကျိုးနပ်အောင် ဆုံရကျိုးနပ်အောင်လို့ ကြိုးစားကြစမ်းပါလို့ ဆိုတာကိုတော့ ယောဂီတို့ကို ကျွန်တော်တို့က အလေးအနက် တိုက်တွန်းပါတယ်၊ ယခုလို သာသနာနဲ့ ကြုံတုန်းမှာ ကြိုးကြိုးစားစားနဲ့ အချိန်ရှိတုန်းလေးမှာဖြင့် ကျွန်တော်တို့ ဝိပဿနာ အလုပ်ကို လုပ်သင့် မလုပ်သင့် ဆိုတာ စဉ်းစားကြပါ (လုပ်သင့်ပါတယ်)။ လုပ်ကြစမ်းပါ၊ ကြိုးစားကြစမ်းပါဗျ၊ကျွန်တော်တို့ရဲ့ ဖြစ်စဉ်နဲ့ရော မကိုက်ဘူးလား (ကိုက်ပါတယ်)။ သိလားဆိုတော့.... မသိတဲ့အခါ အဝိဇ္ဇာဗျာ၊ တခါ မီမိရဲ့ ဉာဏ်ထဲမှာ သိလိုက်တာနဲ့ တခါတည်း "အ" ပြုတ်သွားပြီး ဝိဇ္ဇာဖြစ်သွားတယ်။

ဒါဖြင့် ကျွန်တော်တို့တတွေမှာ အဝိဇ္ဇာနဲ့ အနေမျှားသလား....ဝိဇ္ဇာနဲ့ အနေမျှားသလား (အဝိဇ္ဇာနဲ့ အနေမျှားပါတယ်)၊ အဝိဇ္ဇာနဲ့ အနေမျှားတယ် ဆိုတော့ ဝိဇ္ဇာဉာဏ်လေးက ဘယ်နှစ်ချက်မျှား ပေါ်သေးလဲဗျ၊ (တချက်မှ မပေါ်ပါဘူး)၊ အဲဒီလို တချက်မှ မပေါ်ဘူးဆိုတော့ ကျွတ်တန်းတော့ ဝင်ခါနီးနေပြီနော်....မနီးသေးဘူးလား....(မနီးသေးပါဘူး)၊နီးအောင် လုပ်ကြပါတော့ဗျ၊ အသက်တွေကိုလည်း ပြန်ပြီး တွက်ကြည့်ကြပါအုံး၊ တော်ကြာ ကျွတ်တန်းနဲ့ မနီးပဲ သင်္ချိုင်းနဲ့တော့ အတော်ကို နီးနေပြီနော်။ မနီးသေး

ဘူးလား (နီးပါပြီ)၊ ကဲ....နီးနေယင်လဲ ကျွတ်တန်းဝင်ဖို့ အတွက် ကြိုးစားကြပါတော့။

ဒါဖြင့် ခုနက လူသားမှာ အဆင်းနဲ့ မျက်စိနဲ့ တိုက်လိုက်တော့က တချက်၊ နားနဲ့အသံနဲ့ တိုက်လိုက်တာက တချက်၊ အနံ့နဲ့ နှာခေါင်းနဲ့က တချက်ဆိုတော့ ဘယ်နှစ်ချက် ရှိသွားပြီလဲ (၃-ချက် ရှိပါပြီ)၊ အဲဒီလို သုံးကြိမ်မြောက် ဆိုတော့ မျက်စိ, နား, နှာခေါင်းဆိုတဲ့ သဋ္ဌာယတနနဲ့ ကျွန်တော်တို့ရဲ့ ခန္ဓာဖြစ်စဉ်ကို ပေါ်လွင်စေချင်လို့ ဒါလေး တွေကို ပြောနေရတာပါ၊ ကဲ....ဒါဖြင့် ဘီလူးမကို ဆက်ကြ အုံးစို့၊ ဒါနဲ့ အဲဒီလို ပြောဆိုပြီး လူသားရဲ့ လက်ကို ကိုင် ပြီးတော့ ကျမရဲ့အိမ်ကို လိုက်ခဲ့ပါအုံး၊ ကျမမှာ အဖော် မရှိလို့ပါ ဆိုပြီးတော့ လူသားရဲ့လက်ကို ဆွဲပြီးခေါ်တယ်၊ အဲဒီလို လက်ချင်း ထိလိုက်တယ် ဆိုယင်ပဲ အမျိုးသမီးမှာ ကလည်း ပထဝီ, တေဇော, ဝါယော ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံ ကလဲ ပါသေးတယ်၊ မပါဘူးလား (ပါပါတယ်)။ ပထဝီ, တေဇော, အာပေါ, ဝါယောဆိုတဲ့ မဟာဘုတ်ကြီးလေးပါး မရှိဘူးလား (ရှိပါတယ်)။

အာပေါဆိုတာက ဖောဋ္ဌဗ္ဗာရုံ မရဘူးဗျ၊ ပထဝီ, တေဇော,ဝါယောက ဖောဋ္ဌဗ္ဗာရုံရတယ်၊ အဲဒီ အမျိုးသမီး ၏ ဖောဋ္ဌဗ္ဗာရုံနဲ့ လူသားရဲ့ ကာယပသာဒ အကြည်နဲ့ ၂-ချက် တိုက်လိုက်တော့ "ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ

ဉပ္ပဇ္ဇတိ”ဆိုတဲ့ ကာယဝိညာဉ် မပေါ်ဘူးလား (ပေါ်ပါတယ်)၊ တိဏ္ဏံ သင်္ဂတိ (ဖဿပါ)၊ဟောဒီမှာလည်း လာပြီ၊ ဖဿဖြစ်ပြန်ပြီ၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်)၊ ဖဿပစ္စယာ (ဝေဒနာပါ)။

အဲဒီ ကိုင်ထားတာလေးကို သူ့မှာ အချမ်းသာကြီး ချမ်းသာနေတယ်၊ သုခဝေဒနာလေး ပေါ်နေတယ်၊ ကိုင်ထားတာလေးကို ဘာဖြစ်နေလဲ (သုခဝေဒနာလေး ပေါ်နေပါတယ်)၊ သုခဝေဒနာပစ္စယာ (တဏှာပါ)၊ ကိုင်ထားတာလေးကို သူသိပ်ပြီး နှစ်သက်ထားပဲတဲ့ ဆိုတော့ တဏှာ ကူးမသွားဘူးလား (ကူးသွားပါတယ်)၊ တဏှာပစ္စယာ (ဉပါဒါန်)၊ အဲဒီ ကိုင်ထားတာလေးကို မလွှတ်စေချင်ဘူးတဲ့၊ သူ သိပ်စွဲလန်းနေတယ် ဆိုတော့ အဲဒီ ကိုင်ထားတဲ့ လက်ကလေးကို လွှတ်စေချင်သလား၊ မလွှတ်စေချင်ဘူးလား (မလွှတ်စေချင်ပါဘူး)။ တဏှာပစ္စယာ ဉပါဒါန် ဆိုတော့ ဉပါဒါနပစ္စယာ ကမ္မဘဝပေါ့၊ လိုက်ပါ့မည် ကွတဲ့၊ လူသားက လိုက်မည်ပြောသလား မလိုက်ဘူးပြောသလား (လိုက်မည်လို့ ပြောပါတယ်)၊ အဲဒီလို လိုက်မည်လို့ ပြောတော့ လူသားမှာ ဒဏ်ချက် ဘယ်နှစ်ချက် ရှိသွားပြီလဲ (၄) ချက် ရှိပါပြီ၊ မျက်စိရယ်, နားရယ်, နှာခေါင်းရယ် ကာယပသာဒရယ်နော်၊ လိုက်မည်လို့ဆိုပြီး လိုက်သွားတော့, ဘီလူးမရဲ့ ဖန်ဆင်းထားတဲ့ အိမ်ကြီးလဲ ရောက်ရော-လူသား

မှာ အုံသြသွားတာပေါ့၊ သူနေခဲ့တဲ့အိမ်နဲ့က ကွာခြားနေတာကို၊ သူ့ရဲ့အိမ်က ဘီလူးမရဲ့နောက်ဖေးဆောင်လောက်မှ မသားနားပဲ၊ လူသားမှာ စိတ်ဖောက်ပြန်လာတယ်၊ ဒီအိမ်ကြီးများ ငါ့အိမ်ဖြစ်လိုက်ရယင် သိပ်ကောင်းမှာပဲ စိတ်ကူးမိတယ်။

ဘီလူးမဖန်ဆင်းထားလိုက်တဲ့ အိမ်ကြီးကလည်း(၄-ပင်) (၃-ခန်း) (၂-ထပ်) အိမ်ကြီးကို နောက်ဖေးဆောင်ကပ်နဲ့ ဆိုတော့ ဟီးနေတာပေါ့၊ အိမ်ထဲမှာလည်း ပရိဘောဂ ပစ္စည်းတွေက စုံနေတာပဲ၊ စားပွဲတို့, ကုလားထိုင်တို့, မှန်တင်ခုံ, ကြောင်အိမ်, ရှူးကစ်တို့ လိုလေသေး မရှိအောင် ဖန်ဆင်းထားတယ်၊ အဲဒီ ပစ္စည်းတွေကို လက်သမားနဲ့ လုပ်ထားတာမှ မဟုတ်ပဲ သူအလိုရှိတဲ့ပစ္စည်းကို ဖန်ဆင်းလိုက်ယင် ရနေတော့ စုံအောင် ထားတာပေါ့၊ သူက လက်သမားခမှ မကုန်ပဲကို၊ ဒါဟိုခေတ်က ဘီလူးမမို့နော်၊ အခုလိုခေတ်မှီတဲ့ အချိန်သာဆိုယင် ကက်ဆက်တို့ ရေဒီယိုတို့ ရီကော်တာတို့ ရေခဲသေတ္တာတို့ အဲယားကော်နေးရှင်း ရုပ်မြင်သံကြားတို့ တယ်လီဖုန်းတို့တောင် ဖန်ဆင်းထားအုံးမှာ အစတုန်းက ဒီလောက် ခေတ်မမှီလို့နော်၊ ဒီခေတ်မျိုးသာ ဆိုယင် တိုယိုတာတို့, မာစီဒီးတို့တောင် လုပ်မှာဗျ။

ဒါနဲ့ လူသား အိမ်ပေါ်ရောက်လို့ ကုလားထိုင်ပေါ် ထိုင်မိတယ်ဆိုယင်ပဲ ကျွန်တော် ရေဆာတယ်ဗျာလို့ ပြော

လိုက်တော့ ဘီလူးမကလည်း ပြာပြာသလဲနှင့် အို–ရပါတယ် ရှင်၊ အစ်ကိုလိုတာပြောပေါ့....ကိုယ့်အိမ်လို သဘောထားပြီး လွတ်လွတ်လပ်လပ် နေပါ၊ အားမနာပါနဲ့လို့ ပြောပြီး ဖန်ခွက်နဲ့ ရေခပ်ယူလာပြီး ပေးတော့ လူသားကလည်း အားရပါးရယူပြီး သောက်ပစ်လိုက်တယ် ကုန်ရော၊ တခါ ဘီလူးမက ယူအုံးမလားလို့ မေးတော့ လူသားက နောက် တခွက်ပေးပါအုံးတဲ့၊ ဆာပြီပေါ့ဗျာ တနေ့လုံး ငတ်နေတဲ့ ရေပဲ၊ အဲဒီလူသားကရေကို သောက်မယ်ဆိုတော့ လူသားရဲ့ ပါးစပ်နဲ့ ဖန်ခွက်ထဲက ရေနဲ့ ထိတွေ့တော့မယ် ဆိုတာ မှသေ ချာဘူးလား (သေချာပါတယ်)။ အဲဒီ ရေမှာ ရသာ ဆိုတာ မရှိဘူးလား၊ (ရှိပါတယ်)။ ပထဝီ, တေဇော, အာပေါ, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဆိုတော့ အဋ္ဌကလာပ်ရုပ် (၈) ပါးထဲမှာ ရသပါတယ်ဗျ၊ ရေမှာရော အရသာမရှိဘူးလား၊ (ရှိပါတယ်)။ အဲဒီ ရေရဲ့ အရသာနဲ့ လျှာဆိုတဲ့ ဇိဝှါပသာဒ ရုပ်နဲ့ တွေ့တော့ သောက် ဆိုတဲ့ စိတ်ကလေးက မပေါ်ဘူးလား၊ (ပေါ်ပါတယ်)။ ဒါဖြင့် တဏှာ သင်္ဂတိ ဖဿနဲ့ ဆုံပြန်ရော ရေသောက်လို့ ကောင်းလိုက်တာဆိုတာက ဝေဒနာ၊ တခါသောက်မှုလေးကို နှစ်သက်နေတာက (တဏှာပဲ)၊ မခွဲနိုင်တာက (ဥပါဒါန်)၊ တချိုက်ပြီး တချိုက်မျိုချနေတာက (ကမ္မဘဝ)၊ အဲဒီတော့ ရေသောက်လဲ ကံ မြောက်တာပဲ၊ မမြောက်ဘူးလား၊ (မြောက်ပါတယ်)။

ဒါဖြင့် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ် ဆိုတဲ့ ငါးချက် မတိုက်ဘူးလား၊ (တိုက်ပါတယ်)။ အဲဒါနဲ့ လာတိုက်တဲ့ အာရုံတွေကို ငါးပါးအာရုံ ကာမဂုဏ်လို့ ခေါ်တယ်၊ အာရုံ ဘယ်နှစ်ခုတုန်း၊ (ငါးခုပါ)။ ဟိုက ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံကိုးဗျ၊ ဒီက မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ် ဆိုတာက အခံဓာတ် ဆိုတော့ အတိုက်ဓာတ်နဲ့ အခံဓာတ် လာပြီး မတည့်ဘူးလား၊ (တည့်ပါတယ်)။ အဲဒါ ငါးပါးအာရုံ ခေါ်တယ်၊ ဗဟိဒ္ဓကို ဒီက အာရုံပြုလိုက်တဲ့အခါ အဇ္ဈတ္တနဲ့ ငါးပါးအာရုံ ကာမဂုဏ် သွားတွေ့ပြီ ခံစားနှစ်သက်တာ တဏှာဆိုတော့ ပုဂ္ဂိုလ် သတ္တဝါ ပါသေးလား၊ (မပါပါဘူး)။

အာရုံထဲရော ပါသေးလား (မပါပါဘူး)။ အခံဓာတ် ထဲရော ပါသေးလား (မပါပါဘူး)။ ဒါဖြင့် အပွင့်ဓာတ် ထဲရော ပါသေးလား၊ (မပါပါဘူး)။ မပါယင် ဓာတ်တွေ ပေါ်ပြီပေါ့၊ အဲဒီ ဓာတ်တွေ အပေါ်မှာ သာယာပြီး နေတာက (တဏှာ)၊ အဲဒီတဏှာထဲလဲ ပုဂ္ဂိုလ် သတ္တဝါ မပါဘူး၊ စွဲလမ်းတဲ့ ဉပါဒါန်ထဲမှာရော (မပါပါဘူး)၊ အားထုတ်မှုဆိုတဲ့ ကံထဲရော (မပါပါဘူး)၊ အဲဒီတော့မှ လူသားလဲ ဝ,ရော၊ဝ,စော့မှ-ဖန်ခွက်ကြီးပြန်ပေးပြီး၊ ဘီလူး မက သွားဆေားပြီး လူသားရဲ့ အနားမှာ ကပ်ထိုင်ပြီးတော့ အစ်ကိုရယ်-ညီမမှာ အကူအညီလိုနေလို့ အစ်ကို့ အနေနဲ့ ကူညီ

နိုင်မယ်ဆိုယင် ကူညီပေးပါလို့ ညီမ တောင်းပန်ပါတယ်၊ ဘာညာနဲ့ ခွဲခွဲပြစ်ပြစ် ပြောလိုက်တော့- လူသားကလည်း အကူအညီလိုလဲ ပြောပေါ့ကွာ၊ အခုနာစရာမှ မဟုတ်ပဲ တတ်နိုင်သလောက်တော့ အစွမ်းကုန် ကူညီ ပါမယ်လို့ ပြန်ပြောလိုက်တယ်၊ ဘီလူးမကလည်း စကတည်းက ဒီယုန် မြင်လို့ ဒီချုံထွင်ထားတာ၊ လူသားဆီက ဒီလေသံမျိုး ထွက်လာတော့ ငါ့ရဲ့ အကြံအစည်တော့ အောင်ပြီလို့ ဆုံးဖြတ်ချက်ချလိုက်ပြီး ဘီလူးမက သူလိုရာသူဆွဲပြောတော့ တာပေါ့။

ဒီလိုပါ အစ်ကိုရယ် ညီမမှာ အခုနေရတဲ့အိမ်ကြီးမှာလည်း တယောက်ထီး နေရ ထိုင်ရတော့ အားငယ်ဘာက စကြောင်း၊ ညီအကိုမောင်နှမဆိုတဲ့ မွေးချင်းကလည်း မရှိပါဘူး၊ နောက်ပြီး မိဘတွေကလည်း ညီမအရွယ်မရောက် ခင်မှာပဲ ရွှေဆင့်နောက်ဆင့် ဆိုသလို ဆုံးပါးသွားကြတယ်၊ အခုတော့ အစ်ကို မြင်တဲ့အတိုင်းပဲ ညီမ တယောက်ထီး ဒီအိမ်ကြီးနဲ့ စီးပွားတွေကို စီမံအုပ်ချုပ်နေရတော့ အားကလဲ ငယ်တယ်၊ အထူးသဖြင့် ဒီလိုနေရာမျိုးမှာ မိန်းခလေး တယောက်ထီး နေရတဲ့အခါမှာ ဘယ်သူကမှ မရိုသေ မလေးစားဘူးပေါ့ အစ်ကိုရယ်။

အဲဒါကြောင့် အစ်ကိုအနေနဲ့ ကူညီနိုင်မယ်ဆိုယင်ဖြင့် အစ်ကိုနေရပ်ကိုမပြန်ပဲ ညီမနဲ့အတူ ဒီအိမ်ကြီးမှာနေပြီးတော့

ရှိတဲ့ပစ္စည်းအားလုံးကိုလည်း အစ်ကိုကပဲ အစစ အရာရာ စီမံ အုပ်ချုပ်နေသွားပါလို့ ဆိုတာကို ညီမက အားကိုးသမှုနဲ့ စောင်းပန်းပါတယ်။ အစ်ကိုရယ်၊ ညီမမှာလဲ အားကိုးစရာ ဆိုလို့ အစ်ကိုကလွဲလို့ ဘယ်သူ့မှမရှိပါဘူး၊ ဒါကြောင့် အစ်ကိုနဲ့ညီမပဲဒီအိမ်ကြီးမှာအတူနေပြီး လုပ်ကိုင်စားသောက် ကြတာပေါ့လို့ ဘီလူးမက ခပ်ချွဲချွဲလေးလဲ ပြောလိုက်ရော လူသားမှာ ဘီလူးမအနားက မခွဲနိုင် မခွာရက် ဖြစ်သွား တော့တာပေါ့။

ကဲ.... ဒါဖြင့် ကျွန်တော်တို့လဲ ဒီလူသားရဲ့ နေရာက ဝင်နေပြီး စဉ်းစားကြည့်စမ်းပါ ပြန်နိုင်မလား မပြန်နိုင်ဘူး လားဆိုတာကို (မပြန်နိုင်ပါဘူး)။ အဲဒီလို သူမပြန်တာ တော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ သူရောက်နေတာက လူ့ရဲ့လက် တွင်းရောက်နေတာလား- ဘီလူးမရဲ့လက်တွင်း ရောက်နေ တာလား၊ (ဘီလူးမရဲ့ လက်တွင်း ရောက်နေတာပါ)၊ အဲဒီလို ဘီလူးမရဲ့လက်တွင်း ရောက်နေတာကို သူ့ရဲ့အထင်ကတော့ ဒီအမျိုးသမီးဟာ လူပဲလို့ထင်နေတာဟာ အမြင်မှားလို့ ခေါ်မလား- အမြင်မှန်လို့ ခေါ်မလား (အမြင်မှားလို့ ခေါ်ပါတယ်)။ သူကတော့ လူပဲ အမျိုးသမီးလေးပဲလို့ ထင်နေတယ်ဆိုတော့ အဲဒီ အမျိုးသမီး မဟုတ်တာကို အမျိုးသမီးလို့ မြင်တာက အမှတ်မှား၊ ဒီအမျိုးသမီးလေးနဲ့ စီးပွားဥစ္စာတွေဟာဖြင့် ငါ့ရဲ့ အားကိုးရာ စာခုပဲလို့ ယူဆ

တာဟာက အယူမှား၊ သူ့မှာ ဝိပလ္လာသတွေ မလာဘူးလား၊ (လာပါတယ်)။

ဒါဖြင့် အမြင်မှား အမှတ်မှား အယူမှား ဆိုတဲ့ ဒိဋ္ဌိဝိပလ္လာသတွေနဲ့ လာမှား တာပေါ့၊ ဘာနဲ့လာမှား ပါလိမ့် (ဒိဋ္ဌိဝိပလ္လာသနဲ့ မှားပါတယ်)၊ ဟုတ်ပြီ၊ သူ့ကို ခင်တာက သမုဒယတဏှာလာတယ်- မဟုတ်ဘူးလား (လာပါတယ်)။ ဒါဖြင့် သူ့မှာ ဒိဋ္ဌိဝိပလ္လာသတွေနဲ့ လာမှားတယ်ဆိုတာ မသေချာဘူးလား(သေချာပါတယ်)၊အဲဒီ ဝိပလ္လာသလာတဲ့ အခါကျတော့ သူ့မှာ တဏှာ, ဥပါဒါန်, ကံ–ဆိုတာက ဆက်မည် မဟုတ်လား (ဆက်မှာပါ)၊ တဏှာ လာယင် ဥါဒါန်-ကံကိုးဗျ၊ ဒိဋ္ဌိလာယင်၊ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ လာမယ်၊ မဟုတ်လား။ (ဟုတ်ပါတယ်)၊ ငါလို့ကောင် မျိုးများ ရှိအုံးမှာလားကွ၊ အင်မတန် ကံကောင်းတဲ့ လူပဲ ဆိုပြီး သူများစီးပွားနဲ့များ ဘဝင်မြင့်မည်ဆိုယင် သူ့မှာ မာန်တောင်လာနိုင်သေးတယ်၊ အဲဒီလို မာန လာပြန်တော့ မာနအုပ်ချုပ်တဲ့ ကံပေါ်အုံးမှာပဲ- မပေါ်ဘူးလားဗျ၊ (ပေါ်ပါတယ်)၊ အဲဒီတော့မှ လူသားမှာ တော်တော်လေး ချမ်းသာပြီးနေတော့ သူ့ဘဝရဲ့နောက်ကြောင်းကို ဘာမှ သတိမရတော့ဘူး၊ သူရှာလည်း မပြန်တော့ဘူး၊ ချမ်းသာ နေတဲ့သူဆိုတော့သူဆင်းရဲစဉ်အခါကထင်းခုတ်–ဝါးခုတ်ပြီး၊ အသက်မွေး ဝမ်းကျောင်းအတွက် အသုံးချပြီး မရှိမဖြစ်တဲ့

အသက်သခင် ကျေးဇူးရှင် ဓားမကြီးကိုတောင်မှ ယခုတော့ ဟော်ရာချောင် သွားထိုးထားလိုက်တယ်၊ စောစောပိုင်းက ဒီဓားမကြီးက သူ့ဘဝအတွက် ရှေ့တန်းက နေရတယ်၊ အခု သူလဲချမ်းသာရော- ဒီဓားမကြီး ချောင်ခိုပြီး နေရတယ်။

သူကတော့ စည်းစိမ်ရှင်ကြီး အဖြစ်နဲ့ နေရတော့ စားလိုက် သောက်လိုက် ပျော်လိုက် ပါးလိုက်နဲ့ နေလိုက်တာ ဘာကိုမျှ သတိမရတော့ဘူး၊ အပျော်ကြီး ပျော်နေတော့တယ်၊ သူ့ပျော်ရာလေး အသာထားပြီး ကျွန်တော်တို့ ယောဂီတို့ ပျော်ပုံလေးကို ပြောကြဦးစို့ဗျ၊ ဟိုက ဥပမာကိုးဗျ၊ ဥပမေယျက ကျွန်တော်တို့ရဲ့ ခန္ဓာနဲ့ဟပ်ပြီး ပြရအုံးမှာပေါ့၊ ကဲ....ကောင်းပြီ၊ ကျွန်တော်တို့ တတွေမှာ သားလေး သမီးလေးတွေနဲ့ မရှိဘူးလား (ရှိပါတယ်)၊ အဲဒီ ရှိတဲ့ သားလေး သမီးလေးတွေကို ပဋိစ္စသမုပ္ပါဒ်နဲ့ ပြရယင် သားလေး သမီးလေး ရှိတာလား၊ ခန္ဓာ (၅)ပါး ရှိတာလား၊ (ခန္ဓာငါးပါး ရှိတာပါ)၊ မြေးတွေ, မြစ်တွေ ရှိတာလား-ခန္ဓာ (၅)ပါး ရှိတာလား၊ (ခန္ဓာငါးပါး ရှိတာပါ)။

ခန္ဓာ(၅)ပါးက ဒုက္ခသစ္စာဆိုတော့ မြေးတွေ, မြစ်တွေ, သားတွေ,သမီးတွေ ရှိတာလား-ဒုက္ခသစ္စာတွေ ရှိတာလား၊ (ဒုက္ခသစ္စာတွေ ရှိတာပါ)၊ အဖေ, အမေက ကြည့်တော့

မမြင်ဘူးလား၊ (မြင်ပါတယ်)၊ဒါဖြင့် အမေ အဖေက လူသား ဘက်က ထား၊ သား, သမီး, မြေး, မြစ်ဆိုတဲ့ ကလေးတွေက ဘီလူးမဘက်က ထား၊ ထိုသားသမီးလေးတွေကို ကြည့်လိုက်တော့ မြင်တယ်ဆိုတဲ့ မြင်စိတ်ကလေးက မလာဘူးလား၊ (လာပါတယ်)။

သုံးပါးဆိုတာ ဖသာ၊ သားသမီးလေးတွေကို မြင်လို့ ဝမ်းသာတာက (ဝေဒနာပါ)၊ သား, သမီး, မြေး, မြစ်လေး တွေကို ခင်မင်ပြီး နေတာက ဘာတုန်းဗျ၊ (တဏှာပါ)။ အဲဒီ သားသမီးလေးတွေကို မခွဲနိုင် မခွာရက် ဖြစ်နေတာက (ဥပါဒါန်ပါ)။ သူတို့ကို ပြုစု လုပ်ကိုင်ပေးနေတာက (ကမ္မဘဝ)၊ ဟိုက လူသားကတော့ ဘီလူးမမြင်လို့ တဏှာ-ဥပါဒါန်-ကံ၊ ကျွန်တော်တို့မှာလည်း သား, သမီး, မြေး မြစ်လေးတွေကို မြင်လိုက်တော့လဲ တဏှာ- ဥပါဒါန်- ကံ ဆိုတော့ အဲဒီလူသားမှာ ဘီလူးမကို တွေ့လို့ ပျော်တာနဲ့ ကျွန်တော်တို့မှာလည်း သားသမီးလေးတွေကို တွေ့မြင်လို့ ပျော်တာဟာ ဘာများထူးတုန်းဗျ၊ (မထူးပါဘူး)။

ကဲ....ဒါဖြင့် ကျွန်တော်တို့တတွေ ပျော်နေတာဟာ အပျော်မှန်လား- အပျော်မှားလား၊ (အပျော်မှားပါ)၊ ဒါဖြင့် ကျွန်တော်တို့တတွေ အပျော်မှားနဲ့ နေလာခဲ့တာ ဘယ်လောက်ကြာပြီလဲလို့ မေးယင် ဘယ့်နဲ့ ဖြေမလဲဗျ၊ (ကြာပါပြီလို့ ဖြေရမှာပါ)၊ ကြာပါပြီ လုပ်မနေနဲ့နော်-

ကျွန်တော်တို့တတွေမှာ တသံသရာလုံးက မှားခဲ့ကြတာပါ၊ ဒီနေ့ရော ဒီအမှားပျောက်ပြီလား၊ (မပျောက်သေးပါဘူး)၊ အဲဒီလို မပျောက်သေးတော့ ကျွန်တော်တို့ တတွေက ဒီအမှားကို ဖျောက်ဖို့မကောင်းဘူးလား၊ (ကောင်းပါပြီ)၊ နက်ဖြန်ခါ ဘယ်လို သဘောထားမလဲ၊ ပျောက်အောင် ဖျောက်မှာလား- ဆက်ပြီး မှားနေဦးမှာလား၊ (ဖျောက်မှာပါ)။

အဲဒီတော့-သားသမီးလေးတွေကို မြင်ပြန်တော့ ချစ်တယ် ခင်တယ်ဆိုပြီး ပွေ့ပိုက်နမ်းလိုက်တာပဲဗျ၊ အဲဒီတော့ ချစ်လို့ နမ်းတာလား-မချစ်လို့ နမ်းတာလား၊ (ချစ်လို့ နမ်းတာပါ)၊ ဒါဖြင့် ချစ်တယ် ခင်တယ်ဆိုတော့- တဏှာ ပေါ့ဗျ၊ ဒီသားသမီးလေးတွေကို စွဲလမ်းတာက ဥပါဒါန်၊ ပွေ့ပိုက်ပြီး နမ်းရှုံ့တာက ကံဆိုတော့ ကမ္မဘဝပစ္စယာ (ဇာတိပါ)၊ ဒါလေးကို ပေါ့ပေါ့လေးလို့ မထင်လိုက်ပါနဲ့နော်။

အပါယ်ကို တန်းပြီး ကျသွားနိုင်တယ်၊ သား, သမီး, မြေး, မြစ် ချစ်တဲ့ တဏှာ လောဘ စွဲလမ်းတာက ဥပါဒါန် လောဘ အကြီးစားဆိုတော့-ကုသိုလ်ကံလား၊ အကုသိုလ်ကံလား၊ (အကုသိုလ်ကံပါ)၊ အဲ....သူ့ကို ပြုစုပေးနေရတာက ကံ၊ သား, သမီး, မြေး, မြစ်ကလေးတွေကို ဗယ်ပြန် ညာပြန် လှိမ့်ပြီး နမ်းနေတဲ့ ဘိုးအေ ဘွားအေမှာ ကံမပြောက်

ဘူးလား၊ (မြောက်ပါတယ်)၊ ကမ္မဘ၀ပစ္စယာ (ဇာတိ)၊ အပါယ်သွားဖို့ ပြိတ္တာဇာတိ သွားဖြစ်တယ်၊ ဒါဖြင့် ကျွန်တော်တို့မှာ သား, သမီး, မြေး, မြစ်တွေကို မချစ်တဲ့ ပုဂ္ဂိုလ်များ ဒီတရားပွဲထဲမှာ ပါရဲ့လား၊ (မပါပါဘူး)၊ ဟင်.. ကျွန်တော်က ပြိတ္တာ မဖြစ်မဲ့ ပုဂ္ဂိုလ်ပါတယ် ထင်နေတာ၊ ခင်ဗျားတို့က မပါပါဘူး ဆိုတော့လဲ အားလုံးကျကုန်ပြီလို့ပဲ မှတ်ရတော့မှာပေါ့နော်။

ကျွန်တော်က စောစောတုန်းက ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ဝတ္ထုကြောင်းလေး ထုတ်လိုက်တော့- ဝတ္ထုကြောင်း ပြော လိမ့်မယ် ထင်နေတာ၊ အခုမှ တို့ဘက် ပြန်လှည့်လာတာပဲလို့ တော့ မအောက်မေ့နဲ့နော်–လှည့်တာ မဟုတ်ပါဘူးဗျ၊ တည့်တည့်လေး ပြောနေတာပါဗျ။ ဒါနဲ့ လူသားမှာလဲ ဘီလူးမနဲ့ ပေါင်းသင်းပြီး နေလိုက်တာ တနှစ်- နှစ်နှစ် လောက်ကြာတော့ သူ့ရဲ့ကျောင်းနေဘက် သူငယ်ချင်းက သတိရတယ်၊ အော်....ငါ့သူငယ်ချင်း တယောက် ဘယ်များ ရောက်နေပါလိမ့်၊ ငါကတော့ ဝိဇ္ဇာဖြစ်ပြီး အေးအေး ချမ်းချမ်းနဲ့ ဟိမဝန္တာ တောင်တန်းမှာ နေရတယ်၊ ငါ့ရဲ့ ကျောင်းနေဘက် သူငယ်ချင်းကတော့ ရွာမှာပဲ ကျန်ရစ် ခဲ့တယ်၊ ငါထွက်လာစဉ်ကတော့ သူ့ခမျာ ဆင်းဆင်းရဲရဲနဲ့ လုပ်ကိုင် စားသောက်နေရတယ်၊ ငါနဲ့ မတွေ့ရတာလဲ ကြာပြီ၊ ဘယ်လိုများ နေပါလိမ့်မလဲ၊ ဘာပဲဖြစ်ဖြစ်လေ၊

ငါသွားပြီး မှ စအုံးမှပဲ၊ ငါ့သူငယ်ချင်းအတွက် ရွှေဖြစ် ငွေဖြစ်ကလေးရယ်- အာယုဒီဃ အသက်ရှည်ဆေးလေးလဲ ယူသွားအုံးမှပဲလို့ စဉ်းစားပြီး သူငယ်ချင်းတို့ရဲ ထားရှိ အပ်တဲ့ မေတ္တာစေတနာအပြည့်နဲ့ စိတ်ကူးထားတယ်။

ရှေးတုန်းက ကျောင်းနေဘက် သူငယ်ချင်းတွေက တယောက်အပေါ် တယောက် သိပ်ချစ်ကြတယ်၊ ကြင်နာ ကြတယ်၊ ခိုက်ရန်ဒေါသလဲ မဖြစ်ကြဘူး၊ တယောက် အမှားကို တယောက်က သည်းခံတယ်၊ ခွင့်လွှတ်တယ်၊ တယောက်က ချမ်းသာပြီး ကျန်တယောက်က ဆင်းရဲယင် ချမ်းသာတဲ့သူက ဆင်းရဲတဲ့သူကို စောင့်ရှောက်ကူညီတယ်၊ တယောက်အပေါ် တယောက်က သစ္စာရှိကြတယ်။

စကားစပ်မိလို့ ပြောရအုံးမယ်၊ အခုခေတ်ထဲမှာ တချို့ တွေ့ဘူးကြပါလိမ့်မယ်၊ မောင်နှမ နှစ်ယောက် ရှိတယ်၊ အစ်မက ချမ်းသာတယ်၊ မောင်က ဆင်းရဲတယ်၊ ဒီတော့ မောင်လုပ်သူက အရင်းအနှီး မရှိတော့ အစ်မကြီးလုပ်တဲ့ သူဆီသွားပြီးငွေလှည့်တယ်၊အစ်မကြီးရယ်ကျွန်တော် ရင်းနှီး စားချင်လို့ ငွေတထောင်လောက် ခေတ္တသုံး ၂ ါလိုဆိုတော့- အစ်မကြီးလုပ်တဲ့သူကနေ မောင်အပေါ်မှာ အတိုးယူရမှာ ခက်တော့- ယောက်ဖလုပ်သူနဲ့ လှည့်ခြောက်တယ်- အေးပါ မောင်လေးရယ်၊ ဒီလို ခေတ္တလိုယင် ယူသုံးပေါ့၊ ဒါပေမဲ့

ထုံးစံအတိုင်းဖေး နှစ်ဆယ်တိုး ပေးရမယ်လို့ ပြောလိုက်တာပေါ့၊ (ဟုတ်ပါတယ်)။

ဒါပေမဲ့ အစ်မကြီးလုပ်သူက စကားလှအောင်တော့ မောင်လေးအပေါ် ပြောလိုက်သေးတယ်၊ ကိုယ့်မောင်လေးပဲကွယ် ပေးချင်တာပေါ့တဲ့၊ ဒါပေမဲ့ မင်းယောက်ဖက အပေါက်ကခတ်ဆိုးဆိုးတဲ့၊အစ်မကြီး စကားမပြောချင်ဘူးတဲ့ ဆိုတော့ မောင်နှမ အရင်းခေါက်ခေါက် ခေါင်းနင်းဆင်းပြီး နှစ်ဆယ်တိုး စားတယ်ဆိုတော့ ကျောင်းနေဘက်သူငယ်ချင်း စကားထဲ ထည့်မပြောနဲ့ပေါ့။

ရှေးတုံးက သူငယ်ချင်းချင်းထားတဲ့ မေတ္တာနဲ့ ယခုခေတ်မောင်နှမချင်း ထားတဲ့ မေတ္တာ မကွာခြားဘူးလား၊ (ကွာခြားပါတယ်)၊ သိပ်မကွာပါဘူးဗျ၊ ပွတ်ခါ သီခါလေးပါ၊ ညီအစ်ကို မောင်နှမချင်း နှစ်ဆယ်တိုး စားတာအသာထားအုံး၊ ကပ်သီးဂပ်သပ် စားတဲ့နေရာမှာ ဆံဖြူနားထိုင်း ခါးကိုင်း သွားကြွေနေတဲ့ မွေးသမိခင် မွေးသဖခင်တောင် ချမ်းသာမပေးဘူးဗျ၊ တဆယ်တိုး စားလိုက်သေးတယ်။

ဒါ ကျွန်တော်က ကပ်သီးကပ်သပ် ပြောတယ်လို့ မထင်နဲ့နော်၊ ကျွန်တော်တို့က တခါတလေ ထုံတတ်တယ်ဗျ၊ ကဲ....သားအမိချင်း အတိုးစားပုံလေး နည်းနည်းပြောလိုက်ရအုံးမယ်၊ ကျွန်တော်တို့ဘက်မှာ ရှိပါတယ်၊ အဘိုးကြီး

အဘွားကြီး နှစ်ယောက်က အသက်က ခုနစ်ဆယ်ကျော်တွေ ချည်းပဲ ဆိုတော့ အလုပ်ကလည်း ကြမ်းကြမ်းတမ်းတမ်း မလုပ်နိုင်၊ သားသမီး လေးငါးယောက် ရှိပေမဲ့ သားသမီး ဆိုဘာက အတောင်စုံ ပျံတာပဲဗျ။

အဘိုးကြီး အဘွားကြီး နှစ်ယောက်ထဲ ကျန်နေတော့ အဘိုးကြီးက အဘွားကြီးကို အကြံပေးတယ်၊ အဘွားကြီး ရေ တို့မှာ အခြားအလုပ်လဲ လုပ်မစားနိုင်ဘူး၊ ဒီတော့ အိမ်မှာ ဆိုင်လေးတည်ထားယင် တနေ့ လေးငါး ခြောက် ကျပ်လောက် ရရုံနဲ့ တို့နှစ်ယောက်ထဲဘော့ စားလောက်မှာ ပေါ့လို့ ပြောတော့၊ အဘိုးကြီးရယ် ...အပြောက လွယ်လိုက် တာ အရင်းအနှီးကဘယ်ကရမလဲလို့ ပြန်ပြောတော့ မင့်သမီး အကြီး ရှိသားပဲကွာ၊ လေးငါးရာလောက် လှည့်ခဲ့ပေါ့ကွာလို့ ပြောလိုက်တော့ အဘွားကြီးက သမီးဆီသွားပြီး သမီးရေ... အမေတို့တော့ အိမ်ဆိုင်ကလေး တင်ထားချင်လို့ ငွေ လေး ငါး ခြောက်ရာလောက် အမေတို့ကို လှည့်ထားစမ်းပါအုံးလို့ ပြောလိုက်တော့၊ သမီးလုပ်သူက အမေရယ် စောစောက ပြောရောပေါ့၊ အခု သမီးမှာရှိတဲ့ ငွေကလဲ လက်လွန်နေ တယ် အမေရယ်၊ အဲဒါ စောင့်ယင်လဲ တလခွဲ နှစ်လလောက် တော့ကြာမယ်၊ ဒါပေမဲ့ အခုလောလောဆယ် လိုချင်ယင် တော့ သမီး သူငယ်ချင်းဆီမှာ သွားလှည့်ပေးရမှာပဲဆိုပြီး မိခင်ရှေ့ကနေ ခတ်တည်တည်နဲ့ ဆင်းသွားပြီး လမ်းထိပ်

ကနေ တပါတ်လှည့်ပြီး အိမ်နောက်ဘေး ဘက်ကတက်၊ ပိုက်ဆံယူပြန်လာပြီး အမေရဲ့ရှေ့လဲ ရောက်ရော အမေရယ် သမီးရဲ့ သူငယ်ချင်းဆီက ဆွဲခဲ့ရတာမို့ တဆယ်တိုးတော့ ပေးလိုက်ပါ အမေ၊ ဒါတောင် အင်မတန် ရင်းနှီးလို့ ပေးတာ မရင်းနှီးယင် ရမှာမဟုတ်ဘူးတဲ့၊ သမီးလုပ်တဲ့သူက သူ့ကိုယ်သူ အရှာအဖွေ ကောင်းကြောင်းကိုလဲ ကြွားလိုက်သေးတယ်။

ကဲ…မိခင်မို့ နှစ်ဆယ်တိုးစားရမှာ ကြပ်အော့ လမ်းတပါတ်လှည့်ပြီး တဆယ်နှပ်ထည့်လိုက်တယ်၊ ဒါ ကျွန်တော်တို့ခေတ်မှာနော်၊ (ဟုတ်ပါတယ်)၊ အဲဒီတော့ ညီအစ်ကိုမောင်နှမ ခေါင်းနင်းဆင်း နှစ်ဆယ်တိုး၊ ကိုးလလွယ် ဆယ်လမွေးပြီး ဖဝါး လက်နှစ်လုံး ပခုံး လက်နှစ်သစ်က လူလားမြောက်အောင် ပြုစုလုပ်ကျွေးခဲ့တဲ့ ကျေးဇူးရှင် မိခင်ဖခင်ကို တဆယ်တိုး စားတယ်ဆိုတော့ ဟိုရှေ့တုန်းက သူငယ်ချင်း အတိုးမစားဘူးဆိုတာ မေတ္တာစေတ်ချင်းက မကွာဘူးလား၊ (ကွာပါတယ်)။

အခုလဲ ကြည့်လေ၊ ကျောင်းနေဘက် သူငယ်ချင်း နှစ်ယောက်မှာ တယောက်က၊ ဝိဇ္ဇာဓိုရ် ဖြစ်သွားတော့ ကျန်နေတဲ့ သူငယ်ချင်းအတွက် ကူညီဘို့ ရွှေဖြစ် ငွေဖြစ်နဲ့ ကျန်းမာရေးအတွက် အာယုဒီဃ အသက်ရှည် ဆေးပါ ပေးအုံးမယ်တဲ့။

ဒါနဲ့ ဝိဇ္ဇာမိုရ်ဖြစ်တဲ့ သူငယ်ချင်းက ဝိဇ္ဇာတို့ရဲ့ တန်ခိုးနဲ့ ကြည့်လိုက်တဲ့အခါ သူ့ရဲ့ ကျောင်းနေဘက် သူငယ်ချင်းကို ရွာထဲမှာ ကြည့်လို့ မမြင်ဘူး၊ အဲဒီလို ရွာထဲမှာ မတွေ့တော့ ငါ့သူငယ်ချင်း ဘယ်များရောက်နေပါလိမ့် ဆိုပြီး၊ ရွာနီးချုပ်စပ်ကို ကြည့်လိုက်တဲ့အခါ သူ့သူငယ်ချင်းက တောထဲမှာ ရောက်ပြီးတော့ ဘီလူးမက ဖြားယောင်းလှည့်ပတ်ပြီး ချော့မော့လှပတဲ့ အမျိုးသမီးလေးယောင်ဆောင် ပေါင်းသင်းနေတာကို သွားတွေ့တယ်။ ဝိဇ္ဇာမိုရ်က လိုက်ကြည့်တော့ မတွေ့ဘူးလား၊ (တွေ့ပါတယ်)၊ စောစောတုန်းက ဘီလူးမကနေပြီး သိပ္ပံအတတ်နဲ့ လူသားကို လှည့်စားပြီး ပေါင်းသင်းနေတာကို၊ ဝိဇ္ဇာမိုရ်က ကြည့်တဲ့အခါကျတော့ မမြင်ဘူးလား၊ (မြင်ပါတယ်)၊ ဒါဖြင့် ဒီနေ့ ဟောတဲ့ တရားက "ဝိဇ္ဇာနဲ့ သိပ္ပံလမ်းပေါ့" ဝိဇ္ဇာနဲ့ သိပ္ပံဆိုတာ ကလဲ ယခု လောကီအနေနဲ့ ပြောနေကြတဲ့ ဥပမာ သဘောရိုးပြောတာနော်၊ (ဟုတ်ပါတယ်)။

ဒါဖြင့် ဘီလူးမက ဘာလမ်းလဲ၊ (သိပ္ပံလမ်းပါ)၊ သိပ္ပံဆိုတာကလဲ အတတ်ပညာကို ခေါ်တာပါ (ဟုတ်ပါတယ်)၊ ဝိဇ္ဇာမိုရ်က ပြဒါးရှင်လုံးငုံပြီး ဂန္ဓမာဒန တောင်တန်းက ကြည့်တဲ့က ဘာလမ်းလဲ (ဝိဇ္ဇာလမ်းပါ)၊ ကဲ...ဒါဖြင့် ဒီနေ့ ဝိဇ္ဇာနဲ့ သိပ္ပံဆိုတာ ကွဲပြီပေါ့နော်။ ဝိဇ္ဇာမိုရ်က ငါ့သူငယ်ချင်းတော့ ငါမှမကယ်ယင် ဒုက္ခတော့ ရောက်

တော့မှာပဲ၊ ဒီတော့ ငါ့သူငယ်ချင်းကို အကျိုးအကြောင်း သွားပြီး ပြောမယ်ဆိုပြီးတော့ သူ့ရဲ့ သူငယ်ချင်းရဲ့ အိမ်ကို ကြည့်လိုက်တဲ့အခါမှာ သူငယ်ချင်း တယောက်ထဲ တွေ့တယ်၊ ဘီလူးမ မရှိဘူး၊ ဒါနဲ့ အတော်ပဲ အခုနေသူ့ မိန်းမ မရှိခင် သွားပြီး အေးအေးဆေးဆေး ပြောပြရမှာပဲဆိုပြီး ဝိဇ္ဇာ ခိုရိက သွားတယ်။

ဒါနဲ့ လူသားရဲ့ အိမ်ရှေ့လဲ ရောက်ရော၊ အသံပေးလိုက်တာပေါ့၊ အဲဒီလို အသံလဲ ကြားလိုက်ရော အိမ်ရှင်က ဘယ်သူများပါလိမ့်၊ ထူးထူးဆန်းဆန်း ဘယ်က ဧည့်သည်ပါလိမ့်ဆိုပြီး ထွက်ကြည့်တော့ သူ့ရဲ့ ကျောင်းနေဘက် သူငယ်ချင်းကိုလဲ တွေ့လိုက်ရော အံ့ဩဝမ်းသာစွာနဲ့ ဟာ သူငယ်ချင်း မင်းဘယ်ကလှည့်လာလဲကွ၊ အိမ်ပေါ်တက်ကွာ၊ ထိုင်ပါအုံး ဆိုပြီး အတင်း လက်ဆွဲခေါ်ပြီး လောကွတ် ပျူငှာစွာ ဧည့်ခံပြီး ရှေးဟောင်း နောက်ဖြစ်လေးတွေ ပြောနေကြယင်း ဝိဇ္ဇာခိုရိက မေးတယ်၊ သူငယ်ချင်း မင်း ဘာတွေများ လုပ်ကိုင်စားလဲကွ၊ အလုပ်အကိုင်ရော အဆင်ပြေရဲ့လားကွလို့ မေးလိုက်တယ်၊ ဝိဇ္ဇာခိုရိက မသိလို့ မေးနေတာတော့ မဟုတ်ဘူး၊ သိရက်သားနဲ့ မသိရောင် ဆောင်ပြီး မေးရတာ ဘာဖြစ်လို့ ဒီလို မေးရတုန်းဆိုတော့ မြင်မြင်ချင်း မင်းမိန်းမက ဘီလူးမကွ ဘာညာလို့ ပြောလိုက်ယင် ကိုယ့်ရဲ့လိုရာကို မရောက်ပဲ ဆန့်ကျင်ဘက် ဖြစ်

သွားမှာစိုးလို့ စကားခင်းပြီး စောင့်ကြည့်နေတာ၊ ကျွန်တော်တို့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကို သရာလုပ်တဲ့သူကနေ စရိုက်ကြည့်ပြီး ကမ္မဋ္ဌာန်းပေးရသလို ဝိဇ္ဇာမိုရ်ကလဲ လူသားရဲ့ အာဘော်က ဘယ်လိုထွက်လာမလဲ ဆိုတာကို ကြည့်ပြီးမှ ကိုယ်လိုတဲ့ဘက် ဆွဲပြောရမှာကိုးဗျာ။

ဝိဇ္ဇာမိုရ်က ဒီစကားကို မေးလိုက်တယ်ဆိုယင်ပဲ လူသားကခဲ့ သူ့ဘဝရဲ့အကျိုးပေး ကောင်းတဲ့အကြောင်းကို ပြောချင်နေတာ ဒီလိုလဲ မေးလိုက်ရော ကျောင်းနေဘက် သူငယ်ချင်းလဲဖြစ်တော့ ပိုပြီး ရင်းရင်းနှီးနှီး ပြောတော့တာပေါ့၊ လူသားက ဝိဇ္ဇာမိုရ်ကို ဝိဇ္ဇာမှန်း မသိဘူး၊ သူလို ငါလိုပဲ မှတ်နေတော့ သူကတောင် ဝိဇ္ဇာကို ပြန်ပြီး တရားဟောနေသေးတယ်။ သူငယ်ချင်းရေ လူ့ဘဝရဲ့ ကံကြမ္မာဟာ သိပ်ဆန်းကြယ်တယ် သူငယ်ချင်း လုံ့သမ်းပြီးလာတာ မြင်ရတယ်၊ ကံထမ်းလာတာ မမြင်ရဘူးဆိုတာ သိပ်မှန်တယ် သူငယ်ချင်း....အခု မင်းအမြင်ပဲ ငါ့ဘဝကို ကြည့်စမ်းကွာ၊ အလုပ်နဲ့ ပတ်သက်လို့လဲ ငါဘာမှ မလုပ်ရဘူးကွ၊ ငါ့မိန်းမကပဲ လုပ်ကျွေးတယ်ကွာ၊ ဒီအိမ်တွေပစ္စည်းတွေ အားလုံးဟာလဲ သူကချည်း ပါတာပဲ သူငယ်ချင်း၊ တက္ကစီအစုံကွ၊ နောက်ပြီး သူ့မှာ မိဘ ညီအစ်ကို မောင်နှမ ဆိုတာလဲ တယောက်မှ မရှိဘူးကွ။

ငါ့ရဲ့အပေါ်မှာလဲ အင်မတန်မှ တာဝန်ဝတ္တရား ကျေပြွန်တဲ့ အမျိုးသမီးပါကွာ၊ အလုပ်အကိုင်နဲ့ ပတ်သက်လို့လဲ ငါ့ကိုဘာမှမလုပ်ရဘူးတဲ့ကွာ၊ အစစအရာရာ သူကပဲ ခေါင်းဆောင် ခေါင်းရွက်နဲ့ လုပ်ကိုင် ကျွေးမွေးတော့ မယားကောင်း တယောက်လို့ ဆိုရမှာပဲ သူငယ်ချင်းရာ၊ တနည်းပြောရယင်တော့ ငါ့ရဲ့ကုသိုလ်ကံပေါ့ကွာ၊ "စိုင်ကော်လို့ ချုံပေါ် ရောက်တယ်" ဆိုတာ ဒါပဲနဲ့တူတယ်ကွလို့ အားရပါးရကြီး ပြောနေတာကို ဝိဇ္ဇာမိုရ်က နားထောင်နေတယ်။

လူသားက သူ့ကိုယ်သူ စိုင်ကော်လို့ ချုံပေါ် ရောက်တယ်၊ အကျိုးပေးသန်ကြောင်း ဆီးပြောတော့ ဝိဇ္ဇာမိုရ်က အေးပေါ့ကွာ၊ မင်းကတော့ မင်းကိုမင်း စိုင်ကော်လို့ ချုံပေါ် ရောက်နေတယ်လို့ ထင်ပေမဲ့ တကယ်တန်းကျတော့ စိုင်ကော်လို့ ချုံပေါ်ရောက်နေတာ မဟုတ်ဘူးကွ၊ မင်းအတွက် သေပန်းပွင့်နေတာပဲ သူငယ်ချင်း၊ ငါပြောတာ မဟုတ်ဘူး ဟုတ်တယ်ဆိုတာတော့ တနေ့ မင်းသိလိမ့်မယ်လို့ ပြောလိုက်တော့ လူသားက စဉ်းစားတယ်၊ ငါ့သူငယ်ချင်း ပြောတာ စကားကတော့ အဆန်းပဲ၊ ဘာအဓိပ္ပာယ် ပြောတယ်ဆိုတာ မေးကြည့်အုံးမယ်ဆိုပြီး လူသားက နေပါအုံး သူငယ်ချင်းရာ၊ မင်းပြောတဲ့စကားထဲမှာ သေပန်းပွင့်တယ်ဆိုတဲ့ စကားက ဘာအဓိပ္ပာယ်များလဲ ပြောပြစမ်းပါအုံးကွာ ဆိုတော့ ဝိဇ္ဇာမိုရ်က ဒီတော့ သွယ်ဝိုက်တဲ့ နည်းနဲ့

ပြောရမှာကိုး၊ တော်ကြာ "မယားမထိနဲ့ ခေါ်ကြည့်" လို့ ဖြစ်နေမှာလဲ စိုးရသေးတာကိုဗျ၊ ပြောရမှာက မယား အကြောင်းဖြစ်နေတော့ ခပ်အေးအေးနဲ့ ဒီလိုသူငယ်ချင်းရေ- တို့သူငယ်ချင်းနှစ်ယောက်က ကျောင်းနေဘက်တွေကလဲဖြစ်၊ နောက်ပြီးတော့ တယောက်အပေါ်မှာ တယောက်က ဘယ်လောက်ချစ်တယ်၊ခင်တယ်ဆိုတာတော့ မင်းအသိပဲကွာ အထူး ပြောနေစရာ မလိုပါဘူး။

အခုလို ငါလာရတာကလဲ မင်းကို သတိပေးစရာလေးတွေ ရှိလို့ကွ၊ အဲဒါကတော့ တခြားမဟုတ်ဘူး သူငယ်ချင်း၊ မင်းနဲ့ အခု ပေါင်းသင်းနေတဲ့ အမျိုးသမီးက ဘီလူးမကွ၊ မင်းကို လှည့်စားပြီး လူယောင်ဆောင် ပေါင်းသင်းနေ တာပဲ သူငယ်ချင်းလို့လဲ ဝိဇ္ဇာက ပြောလိုက်ရော့ လူသားက သူငယ်ချင်းရာ မင်း ဘယ်လို ပြောလိုက်တာလဲကွာ၊ ဘီလူးမ လို့ ပြောရအောင် မင်းက ငါ့အမျိုးသမီးကို တခါမှလဲ မမြင် ဘူးပဲနဲ့ ဒီလို ပြောတာတော့ မကောင်းပါဘူးကွာ၊ ငါနဲ့ ပေါင်းသင်းပြီးလာတာကလဲ ကြာပါပြီကွာ၊ လူမှ လူအစစ် ပါကွာလို့ လူသားက ဝမ်းနည်းသံလေးနဲ့ ဝိဇ္ဇာကို အပြစ် တင်တော့ ဒီတော့ ဝိဇ္ဇာမိုရ်ရဲက သူငယ်ချင်း မင်းငါ့ကို အပြစ် မပြောနဲ့အုံးကွ၊ ငါအခု လာပြီး ပြောရတာကကွ မင်းတနေ့ ဒုက္ခရောက်မှာစိုးလို့ သူငယ်ချင်းတို့ရဲ့ ဝတ္တရားအတိုင်း လာပြီး သတိပေးတာပဲ၊ သူငယ်ချင်း မင်း ငါပြောတာကို မယုံယင်

ဘီလူးတို့မှာ ရှိအပ်တဲ့ ကြန်အင်္ဂါလက္ခဏာ ငါးချက်ကို ငါ ပြောခဲ့မယ်၊ မိန်းမပြန်လာတော့ ငါပြောတာ ဟုတ်မဟုတ် မှန်မမှန် သေသေချာချာကြည့်ကွ၊ ငါပြောတဲ့ အတိုင်း မှန် နေယင်တော့ ပြေးပေတော့ သူငယ်ချင်း-ဘီလူးမကွ၊ ဒါမှ ငါပြောတဲ့အတိုင်း မမှန်ယင်တော့ လူပဲ သူငယ်ချင်း မင်း ဆက်ပေါင်းပေါ့ကွာ။

ဒီတော့ လူသားက သူ့မိန်းမကို ဘီလူးမလေး ဘာလေး ပြောထားတော့ စိတ်ထဲက သိပ်မကြည် ဘူး ပေါ့ဗျာ၊ ဒါတောင်မှ အင်မတန် ချစ်တဲ့ သူငယ်ချင်းမို့လို့နေ၊ တော်ရုံ တန်ရုံ လူဆိုယင် အိမ်ပေါ်က ဆင်းပြေးရမှာ သေချာတယ်၊ ဒါနဲ့ လူသားက စိတ်ထဲက မကောင်းပေမဲ့လဲ ဒီတခါတော့ သည်းခံမယ်၊ သူပြောချင်တာ ပြောပါစေ ဆိုပြီး ဝိဇ္ဇာကို ကဲ....သူငယ်ချင်း မင်းပြောတဲ့ ကြန်အင်္ဂါ လက္ခဏာ (၅) ချက်ဆိုတာ ပြောစမ်းပါအုံးလို့ ခတ်ဆတ် ဆတ်ပဲ ပြောလိုက်တယ်။

ဝိဇ္ဇာဓိုရ်ကလဲ အေး ပြောမှာပေါ့ကွာ-မင်းမိန်းမ ဘီလူး မရဲ့ ကြန်အင်္ဂါငါးချက်ကတော့ နဖူးမေ့ာက်မှု၊ နှာယောင် ကောက်မှု၊ မျက်ထောင့်နီမှု၊ အသားကြမ်းမှု၊ ဖနောင့်တိုမှု ဆိုတဲ့ အင်္ဂါငါးချက်နဲ့ ညီနေယင်တော့ သူငယ်ချင်း ပြေးဖြစ် အောင်သာ ပြေးပေတော့ သူငယ်ချင်းလို့ ပြောလိုက်တော့၊ လူသားက အေး မင်းပြောတဲ့အတိုင်း ကြည့်ရသေးတာ

ပေါ့ကွာလို့ ပြန်ပြောတော့ ဝိဇ္ဇာခိုရ်က သူငယ်ချင်းကို သေသေချာချာ ကြည့်ပြီး ငါပြောတာနဲ့ ညီယင်တော့ ပြေးသူငယ်ချင်း၊ ကဲ....မင်းမိန်းမ ပြန်လာခါနီးပြီ ငါလဲ ပြန်အိုးမယ် သူငယ်ချင်းလို့ ပြောဆိုပြီး အိမ်ပေါ်ကလဲ ဆင်းလိုက်ရော–လှစ်ကနဲဆို ဝိဇ္ဇာလဲ ပျောက်သွားတာပေါ့၊ ဝိဇ္ဇာပဲဗျ၊ သူတို့ထက် လျင်တာပေါ့။

ဝိဇ္ဇာလဲပျောက် သူ့မိန်းလဲ ရောက်လာတော့ သူ့ရဲ့ သူငယ်ချင်း ပြောသွားတဲ့စကားသံလေးတွေကလဲ နားထဲမှာ ကြားယောင်နေတော့ ပြောသွားတဲ့အတိုင်း သူ့မိန်းမကို အသေအချာ ကြည့်တယ်၊ သူ့သူငယ်ချင်း ပြောတဲ့အတိုင်း နဖူးကြီးကလဲ မောက်လိုက်တာ ထင်းလို့၊ နှာရောင်ကလဲ ကောက်၊ မျက်ထောင့်ကလဲ နီလိုက်တာရဲလို့ အသားကလဲ ကြမ်း၊ ဖနောင့်ကလဲ တိုနေတော့ ငါ့သူငယ်ချင်းပြောတာ မှန်တယ်၊ သူပြောခဲ့တဲ့ ကြန်အင်္ဂါ ငါးချက် ကိုက်နေတာပဲ၊ တချက်မှ မလွဲဘူး၊ သို့သော် ဒီကောင် မှန်းပြောလို့တည့်နေ တာပဲ လူတွေမှာလဲ နဖူးမောက် နှာရောင်ကောက်တွေ အပုံကြီးပဲလို့ ပြောတော့ ဝိဇ္ဇာခိုရ်ရဲ့ စကားကို မယုံကြည် ဘူးလို့ ပြောတာနဲ့ မတူဘူးလား၊ (တူပါတယ်)။

အဲဒီတော့ သူမယုံတာ ယုံတာအသာထားပြီး ကျွန်တော် တို့ မယုံတာ ပြောကြဦးစို့၊ အားလုံးသော သူတော်

ကောင်းတို့ ကျွန်တော်တို့ဘတွေမှာ ခန္ဓာဘယ်နှစ်ပါးရှိလဲ (ငါးပါးရှိပါတယ်)၊ အဲဒီ ခန္ဓာငါးပါးလေးကို ရေတွက်ကြည့်ရအောင် (ရူပက္ခန္ဓာ,ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ) အဲဒီ ခန္ဓာငါးပါးဟာ ကျွန်တော်တို့တတွေမှာ ရှိတယ်နော်၊ (ရှိပါတယ်)။

ဘုရားကလဲ အားလုံးသော ပုဂ္ဂိုလ် သတ္တဝါတွေမှာ ခန္ဓာငါးပါးပဲ ရှိပါတယ်ကွာတဲ့၊ ရူပက္ခန္ဓာဆိုတဲ့-ရူပ်မှာ ရောက္ခ၊ ရုပ်ဟာ သေမင်းတဲ့၊ ဝေဒနာမှာရော သေမင်းပဲကွ၊ သညာမှာရော- သေမင်းပဲ၊ သင်္ခါရမှာရော သေမင်း၊ ဝိညာဏ်မှာရော သေမင်းပဲ....ဟော့ လို့ဆိုအားတော့ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတွေမှာ သေမင်း ငါးယောက်က ဝိုင်းထားတယ်၊ ဒါဖြင့် ကျွန်တော်တို့တွေမှာ ဘာအဝိုင်းခံနေရလဲ (သေမင်း ငါးယောက်ရဲ့ အဝိုင်းခံနေရပါတယ်)။

အဲဒီလို ကိုယ့်ကို သတ်မလို့ ဝိုင်းထားတဲ့ သေမင်း ငါးယောက်ကို ကျွန်တော်တို့တတွေက ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အမြင်မှား အမှတ်မှားတွေနဲ့ ခင်နေတဲ့ ပုထုဇဉ် အရူးတွေဗျ နော် ဟုတ်ရဲ့လား (ဟုတ်ပါတယ်)၊ ဒါဖြင့် ကျွန်တော်တို့ ဘတွေက ဒီခန္ဓာကို မခင်ဘူးလား (ခန္ဓာကို ခင်ပါတယ်)၊ သတ်မဲ့ခန္ဓာကို ခင်နေတာလား-မသတ်မဲ့ခန္ဓာကို ခင်နေတာလား (သတ်မဲ့ခန္ဓာ ခင်နေတာပါ)၊ ဘယ်သူများ ညွှာတာထောက်ထားသလဲ (ဘယ်သူ့မှ မညွှာပါဘူး)။

ဘယ်သူ့မှ မညွှာပါဘူးဗျ၊ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားတောင်မှ ခန္ဓာရှိလို့ ပရိနိဗ္ဗာန်ပြုရတယ်ဆိုတော့ ယောဂီတို့ ကျွန်တော်တို့ကို မဆိုထားနဲ့ ဘုရားတောင် မညှာ ဘူးဆိုတာ သေချာနေပြီ၊ မသေချာဘူးလား (သေချာပါ တယ်)။

"ဗုဒ္ဓါနံ ဇိဝိတဿ န သက္ကာ၊ ကေနစိ အန္တရာယော ကာတုံ" လို့ ဆိုထားတော့ဘုရားရှင်တို့၏ အသက်အန္တရာယ်ကို ဘယ်သူ့မှ မပြုနိုင်ပါဘူးတဲ့နော်၊ အဲဒီဘေးအန္တရာယ်အသွယ် သွယ်ကို ဘယ်သူမှ မပြုနိုင်တာတော့ မှန်ပါတယ်၊ သို့သော် အဲဒီလို ဘယ်သူ့မှ မသတ်နိုင်တဲ့ ဘုရားဟာ ဘာ့ကြောင့် ပရိနိဗ္ဗာန်ပြုသွားရသလဲဆိုတော့ ဘုရားမှာလဲ ခန္ဓာငါးပါး ရထားတဲ့ အတွက်ကြောင့် အဲဒီ ခန္ဓာငါးပါးက သတ်ချလိုက် တာပါ၊ ဘုရားကို ဘယ်သူက သတ်တာလဲ (ခန္ဓာငါးပါးက သတ်လိုက်တာပါ)။

လေးသင်္ချေနဲ့ ကမ္ဘာတသိန်းတိုင်တိုင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပါမှ ဘုရား ဖြစ်တော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ (၁၄၀) ခုနှစ်ရောက်တော့ မလ္လာမင်း တို့ရဲ့ အင်ကြင်းစုံတောမှာ ပရိနိဗ္ဗာန်ပြုဖို့ အချိန် ကျသွား တယ်၊ ပရိနိဗ္ဗာန်ပြုတယ်ဆိုတာက ဘုရားရဲ့ ခန္ဓာကြီး ချုပ်ရ မယ်လို့ ပြောတာနော် (ဟုတ်ပါတယ်)။

အဲဒီတော့ အတုမရှိတဲ့ ကိုယ်တော်မြတ်ကြီးတောင်မှ ဒီခန္ဓာရလို့ ပရိနိဗ္ဗာန်ပြုရသေးတာပဲနော်၊ ယောဂီတို့ ကျွန်တော်တို့မှာရော ခန္ဓာ ဘယ်နှစ်ပါး ရထားပါသလဲ (ခန္ဓာငါးပါး ရထားပါတယ်)၊ အင်း.... ခန္ဓာငါးပါး ရထားယင်တော့ သေဖို့သာ ပြင်ထားကြပါတော့လို့ ကြိုတင် သတိပေးထားပါတယ်၊ ခန္ဓာငါးပါးရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှ တနေ့ သေလိမ့်မယ်လို့ ဆိုတာကို ဘုရားကလဲ အကြိမ်ကြိမ် ဟောခဲ့တယ်၊ မိုးကုတ် ဆရာတော်ဘုရားကြီးကလဲ ခန္ဓာငါးပါး ရထားတဲ့ သူတိုင်းဟာဖြင့် အဲဒီခန္ဓာကပဲ မင်းတို့ကို ပြန်သတ်ပါလိမ့်မယ်ကွာလို့ မဟောဘူးလားဗျာ (ဟောပါတယ်)၊ အဲဒီလို ဟောပေမဲ့ ကျွန်တော်တို့တတွေက ယုံရဲ့လား (မယုံပါဘူး)၊ ဒါဖြင့် ယောဂီတို့ ကျွန်တော်တို့မှာက ဝိဇ္ဇာခိုရ်က လူသားကို နဖူးမောက်၊ နှာယောင်ကောက်၊ မျက်ထောင့်နီ၊ အသားကြမ်း၊ ဖနောင့်တိုဆိုတဲ့ အင်္ဂါငါးချက် ပြောသလို ကျွန်တော်တို့မှာလဲ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးရှိယင် သေလိမ့်မယ် ဆိုတာကို ဘုရားအဆူဆူနှင့်တကွ မိုးကုတ်ဆရာတော်ဘုရားကြီးကလဲ အကြိမ်ကြိမ် အခါခါ မဟောခဲ့ဘူးလား (ဟောခဲ့ပါတယ်)။

ဆရာတော်ကြီးရဲ့ နောက်ဆွယ်ကနေပြီးတော့ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တွေကလဲ ဒီစာရေးတွေကိုပဲ ဖိုပြောနေတာပါ၊ ခန္ဓာငါးပါးရှိယင် တနေ့ သေလိမ့်မယ်၊ သတ်လိမ့်

မယ်၊ အိပ်ရာထဲအိပ်နေတုန်း ဘေးနားက အိပ်နေတဲ့ သား သမီးကိုတောင် အသိမပေး နှုတ်မဆက်နိုင်ပဲ သေသွားရတဲ့ သူတွေ မနည်းတော့ဘူးနော်၊ အဲဒါတွေဟာ ဘယ်သူက သတ်ချလိုက်တာလဲ (ခန္ဓာငါးပါးက သတ်ချလိုက်တာပါ)၊ ဒါကိုများ စိုင်ကော်လို့ ချုံပေါ် ရောက်တယ် လို့များ လုပ်ချင်သေးလား (မလုပ်ချင်ပါဘူး)၊ အင်း....သွားမလုပ် နဲ့နော်၊ အဲဒါ စိုင်ကော်လို့ ချုံပေါ်ရောက်နေတာ မဟုတ် ဘူး၊ သေမင်းငါးယောက်ကို ရင်မှာပိုက်ထားတာဗျ၊ ရှင်းရဲ့ လား (ရှင်းပါတယ်)၊ ပုဂ္ဂိုလ် သတ္တဝါ ရှိတာလား-ခန္ဓာ ငါးပါး ရှိတာလား (ခန္ဓာငါးပါး ရှိတာပါ)၊ အဲဒီ ခန္ဓာ ငါးပါးကို ပုဂ္ဂိုလ် သတ္တဝါရှိတယ်လို့ အမြင်မှား-အမှတ်မှား အယူမှား-ဝိပလ္လာသအဖုံးတွေကို မခွာနိုင်လို့ ကျွန်တော်တို့က အသေခန္ဓာထမ်းပြီး သေလမ်းမကြီးပေါ် ကို လျှောက်နေကြ တယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်)။

စိုင်ကော်လို့ ချုံပေါ်ရောက်နေတာလား၊ သေပန်းပွင့် နေတာလား (သေပန်းပွင့်နေတာပါ)၊ ဒါဖြင့် ယခုကျေးဇူး တော်ရှင် မိုးကုတ် ဆရာတော်ဘုရားက ဝိဇ္ဇာမိုရ် ပမာဏနဲ့ ကျွန်တော်တို့တတွေကို ဟောပြောပြနေတာပါ (ဟုတ်ပါ တယ်)၊ အဲဒီလို ဟောပြနေတာကို ကျွန်တော်တို့တတွေက လူသားပြောသလို နဖူးမောက်၊ နှာယောင်ကောက်မှန်းပြော တည့်နေတာပဲလို့ သွားမလုပ်နဲ့နော်၊ အဲဒီလိုအတူတူပဲသွား

လုပ်ယင် ကျွန်တော်တို့တခုတွေမှာ အမှားကြီး မှားသွားလိမ့်မယ်၊ မမှားပေဘူးလား (မှားမှာပါ)။

အခုန လူသားကို ဝိဇ္ဇာမိုရ်ပြောတာ မမှန်ဘူးလား (မှန်ပါတယ်); မှန်ပေမဲ့ လူသားက မယုံဘူး၊ ဒီအကောင် မှန်းမပြောတာ တည့်နေတာပဲတဲ့ဆိုပြီးဂရုမစိုက်တဲ့ပုံစံနဲ့ ပျော်ပျော်ပါးပါးပဲ နေလိုက်တယ်၊ ဝိဇ္ဇာမိုရ်ကနေ ငါ့သူငယ်ချင်း ပြေးပလားမသိဘူး ကြည့်အုံးမှပဲဆိုပြီး ဟိမဝန္တာတောင်တန်းကနေ လှမ်းပြီးကြည့်လိုက်တော့ မပြေးသေးဘူး၊ ဒါနဲ့ ငါ့သူငယ်ချင်းတော့ မပြေးသေးဘူး ရှိသေးတယ် ငါသွားပြီးပြောအုံးမှ ဖြစ်မယ်ဆိုပြီး သူငယ်ချင်းဆီသွား၊ လူသားရဲ့အိမ်လဲရောက်၊ သူ့သူငယ်ချင်းက ဝိဇ္ဇာမိုရ်ကိုဆီးပြီး သူငယ်ချင်း မင်းပြန်လာပြန်ပြီလားကွလို့မေးတော့ အေး....မင်းနဲ့တွေ့ချင်လို့ လာတာပဲကွ၊ အေး....တက်ကွာ၊ ထိုင်သူငယ်ချင်းလို့ ပြောပြီး အိမ်ရှင်တို့ ဝတ္တရားအတိုင်း ပြုစုညှော်ခံပြီးစကားလေး ဘာလေး ပြောပြီးနေတော့ ဝိဇ္ဇာက လူသားရဲ့စကားအသွားအလာကို နားထောင်ကြည့်တော့ သူ ပဌမတုံခေါက်က ပြောခဲ့တဲ့ ကြွန်အင်္ဂါလကွာဏာ အကြောင်းတခုမှ စကားထဲ ထည့်မပြောဘူး၊ ဒီတော့မှ ဝိဇ္ဇာမိုရ်ကအင်း သူ့အပြောစောင့်ပြီး နေလို့တော့ မဖြစ်ဘူး၊ ငါဖွင့်မေးမှ ဖြစ်မယ်ဆိုပြီး လူသားကို မေးလိုက်တယ်။ ဘယ့်နှဲ့လဲသူငယ်ချင်း ဟိုတခေါက်က ငါပြောခဲ့တာ မင်းကြည့်ရဲ့

လားကွလို့ မေးလိုက်တော့ လူသားက ဘာလဲကွာ ငါမြဲနေ တယ်လို့ ပြောလိုက်တယ်၊ ဝိဇ္ဇာက ဘီလူးမဆိုတာ သိလို့ လာပြီး သတိပေးတဲ့စကားကို လူသားက အလေးဂရုစိုက် ရဲ့လား–ဂရုမစိုက်တဲ့အပြင် မြဲများတောင် နေသေးတယ် နော်။

ယောဂီတို့ ကျွန်တော်တို့တတွေလဲ ထိုနည်းအတိုင်းဖဲ့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက သနား တော်မူလွန်းလို့ သတ္တဝါဝေနေယျတွေ အပေါ်မှာ စေတနာ မေတ္တာထားပြီး၊ ဟောဖေါ်ညွှန်ပြ ဆိုဆုံးမခဲ့တဲ့ တရား တွေဟာ နည်းသလားဗျာ၊ (မနည်းပါဘူး)။ အဲဒီ မနည်းတဲ့ တရားတွေကို ကျွန်တော်တို့တွေက သတိရပြီး ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ အလုပ်တွေကို လုပ်နေသလား- မြဲနေသလား၊ (မြဲနေပါတယ်)။ ဒါဖြင့် အခုန လူသားမြဲတာနဲ့ အခု ကျွန်တော်တို့မြဲတာ မတူဘူးလား၊ (တူပါတယ်)။

ဒါဖြင့် ကျွန်တော်တို့ ပုထုဇဥ်က လူသားရဲ့ဘက်ကလား– ခန္ဓာက နေပြီးတော့ အမျိုးမျိုး အဖုံဖုံ လှလှပပ တင့်တင့် တယ်တယ် မွှေးမွှေးကြိုင်ကြိုင် ထုံထုံသင်းသင်းနဲ့ အမျိုးမျိုး ဖန်ဆင်းထားတဲ့ သိပ္ပံအတတ်နဲ့ တူတဲ့ ခန္ဓာက ဘီလူးမ၊ ကျွန်တော်တို့ ပုထုဇဥ်က လူသားဆိုတော့ ကျွန်တော်တို့ တတွေမှာ ခွဲနိုင်ခွာနိုင်ကြရဲ့လား၊ (မခွဲနိုင်ပါဘူး)။ အကျိုး ပေးသန်တယ်လို့ ထင်တယ် မဟုတ်လား၊ (ထင်ပါတယ်)။

ဝိဇ္ဇာခိုရ်က မေးတယ်– သူငယ်ချင်း ဘယ်နှဲတုန်းကလို မေးတော့ ဘာတုန်းတဲ့– လူသားက မေ့နေတယ်၊ ဘာက မလဲကွ၊ မင်းအမျိုးသမီးကို ငါက ဘီလူးမလို့ ပြောတယ်၊ မင်းက လူလို့ ပြောတယ်၊ ဒီတော့ လူပဲ ဘီလူးပဲလို့ ငြင်းတဲ့ အခါမှာ ငါကဘီလူးတို့ရဲ့ ကြန်အင်္ဂါလက္ခဏာ ငါးချက်ကို ငါပြောခဲ့တာ မင်းကြည့်ရဲ့လား ကွလို့.... အစဖော်ပြီး မေးလိုက်တော့မှ လူသားမှာ သတိရသွားတယ်။ ဒီတော့မှ လူသားက အေး....ကြည့်တယ် သူငယ်ချင်းရာ မင်းပြောတဲ့ အတိုင်း အံ့ကိုက်ပဲ သူငယ်ချင်း၊ ဝိဇ္ဇာက ငါပြောတဲ့အတိုင်း မှန်နေယင် မင်းပြေးပါတော့လားကွလို့ ပြောလိုက်တော့ အေးကွာ သူငယ်ချင်းရာ မင်းပြောတာတော့ မှန်ပါရဲ့၊ ဒါပေမဲ့ လူတွေမှာလဲ နှဖူးမောက်၊ နှာယောင်ကောက်တွေ၊ မျက်ထောင့်နီတွေ အပုံပဲကွ၊ မင်းက မှန်းပြောတာ တည့်နေတာပဲ၊ ဒါကြောင့် ငါမယုံဘူး၊ ဝိဇ္ဇာခိုရ်ပြောတဲ့ စကားကို လူသားက ယုံကြည်ရဲ့လား၊ (မယုံပါဘူး)။

အဲဒီတော့ ကျွန်တော်တို့ရဲ့ ခန္ဓာကို ပြန်ပြီးကြည့်ယင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါး မရှိဘူးလား၊ (ရှိပါတယ်)။ အဲဒီ ခန္ဓာငါးပါးရှိယင် တနေ့ သေလိမ့်မယ်ဆိုတာ မမှန်ဘူးလား (မှန်ပါတယ်)၊ အဲဒီလို သတ်လို့သေတဲ့ မသာတွေများ ကျွန်တော်တို့လိုက်ပြီး မပို့ဘူး ဘူးလား (ပို့ဘူးပါတယ်)၊ အဲဒီလို လိုက်ပြီးပို့တဲ့အခါမှာ

အော်….ငါလဲ တနေ့ကျ သူ့လိုပဲ သေရမှာပဲလို့ သံဝေဂ ယူသလား၊ ဒါမှမဟုတ် ဒီကောင်က ငါနဲ့ ကျောင်းနေဘက် သူငယ်ချင်း တခုထဲသား၊ သူတော့ချောသွားပြီ ငါကတော့ ထမင်း အတော်စားနိုင်သေးတယ်ဆိုတော့ သူသာ သေတယ် ငါမသေသေးဘူးဆိုတဲ့ အယူပေါ့ဗျ (ဟုတ်ပါတယ်)။

အဲဒီတော့ ခု ဝိဇ္ဇာဓိုရ်က လူသားကို မင်းမိန်းမက ဘီလူးမကွလို့ ပြောတော့ သူငယ်ချင်းရာ မင်းမှန်းပြော တည့်နေတာပဲဆိုတဲ့ အယူမျိုးနဲ့ ကျွန်တော်တို့နဲ့ သွားတူ မှနေဘူးလား (တူပါတယ်)၊ ကဲ….တူရင်လဲ ဝိဇ္ဇာဓိုရ် အကြောင်းလေး ပြန်စကြရအောင်–ဝိဇ္ဇာဓိုရ်က ကဲ….သူငယ် ချင်း မင်းယုံတာ မယုံတာကတော့ မင်းရဲ့တာဝန်ပဲ ငါက တော့ သူငယ်ချင်းကောင်းတို့ရဲ့ ဝတ္တရားအရ ပြောခဲ့မယ် ကွာ၊ မင်း နက်ဖြန်ခါ မနက်ကျယင် စောစောလေး အိပ် ရာက ထကွာ၊ မင်းမိန်းမပါ ခေါ်ပြီး အရှေ့ဘက်ကို လမ်းလျှောက်သွား သုံးဖါလုံလောက် ရောက်တော့ ခေတ္တ ခဏ ထိုင်နားပြီး ခုနစ်နာရီခွဲ ရှစ်နာရီလောက်ကျတော့ အိမ်ကိုပြန်ခဲ့ကွ၊ အဲဒီလို ပြန်လာတဲ့အခါမှာ နေကို ကျော ပေးပြီး ပြန်လာစော့ အရိပ်ထွက်စရာရှိယင် မင်းရဲ့ရှေ့မှာ အရိပ်နှစ်ခု ထွက်ရမယ်ကွ။

အဲဒီလို အရိပ်ထွက်တဲ့အခါမှာ သေသေချာချာ ကြည့်ကွ၊ မင်းတို့လင်မယား အတူတွဲလာတဲ့အခါမှာ မိန်းမက အရိပ်

မထွက်ဘူးကွ၊ အဲဒီလို အရိပ်မထွက်ခဲ့ယင်တော့ ဘီလူးမ အစစ်ပဲ သူငယ်ချင်း မင်းပြေးပေတော့၊ ဒါမှ အရိပ်ထွက်ယင် တော့ လူပေါ့ကွာ မင်းဆက်ပြီးပေါင်း သူငယ်ချင်းလို့ ပြောလိုက်တော့ လူသားက အေး....ကြည့်ရသေးတာပေါ့ ကွာလို့ မယုံမရဲပြောလိုက်တယ်၊ ဝိဇ္ဇာက ကြည့်သူငယ်ချင်း ငါပြောတဲ့အတိုင်း အရိပ်မထွက်ယင် ဘီလူးမကွ၊ တနေ့ကျ မတတ်သာ ဒဿကစချိုင်၊ မင်းကို ဒုက္ခပေးလိမ့်မယ်၊ ကဲ....ငါလဲ ပြန်အုံးမယ်ကွာ မင်းမိန်းမလဲ ပြန်ရောက်တော့ မည်ဆိုပြီး လှစ်ဆိုထွက်သွားတယ်၊ ဝိဇ္ဇာမိုရ်ကို ဘီလူးမက အိမ်မှာမိအောင် ဖမ်းနိုင်ရဲ့လား (မဖမ်းနိုင်ပါဘူး)၊ ဘယ် သူက သာလို့တုန်း (ဝိဇ္ဇာကသာလို့ပါ)၊ ယခု လောကီ ပညာကျတော့ သိပ္ပံက သာတယ်နော်၊ အသိဉာဏ်ကျတော့ ဘယ်သူကသာတုန်း (ဝိဇ္ဇာက သာပါတယ်)၊ ဒါကြောင့် ဝိဇ္ဇာဆိုတာ ကျွန်တော်တို့ တသံသရာလုံး ကန်းလာတဲ့ မျက် လုံးကို ဖွင့်ပေးတဲ့ ဝိဇ္ဇာဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ် ပေါ်လာ၏ဆိုတော့ အရှင်ကောဏ္ဍည ဝိဇ္ဇာဥဒပါဒိကြောင့် သောတာပန် ဖြစ်တာပေါ့ ဟုတ်ရဲ့လား (ဟုတ်ပါတယ်)။

ဝိဇ္ဇာ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ-လို့ မဟောဘူးလား (ဟောပါ တယ်)၊ အဲဒီအထဲမှာ သိပ္ပံမပါဘူးဗျ၊ ဘာတွေ ဟောသွား လဲဆိုတော့-ဝိဇ္ဇာတို့ ပညာတို့ ဒါတွေ ဟောသွားတာ

မဟုတ်လား (ဟုတ်ပါတယ်)၊ ကျွန်တော်က ဒီတရားကို အဆန်းလုပ်ပြီး ဟောနေတာ မဟုတ်ပါဘူး၊ ကိုက်ရော ကိုက်ရဲ့လား (ကိုက်ပါတယ်)။

ဒါနဲ့လူသားက မနက်တော့ စောစောထမယ်၊ ငါ့သူငယ်ချင်း ပြောသွားတာ ငါကြည့်မယ်ဆိုပြီး စောစောပဲ အိပ်ရာဝင်တယ်၊ မနက်ကျတော့ စောစောထ သူ့မိန်းမပါ နှိုးပြီး အရှေ့ဘက်ကို လမ်းလျှောက်ယင်း ထွက်လာတော့ သူ့သူငယ်ချင်း ပြောတဲ့အတိုင်း သုံးဖါလုံလောက်လဲ ရောက်ရော ကဲ....အညောင်းဖြေဦးစို့ကွာလို့ ဆိုပြီး သစ်ပင်အောက် နားချင်း သူ့မိန်းမနဲ့ စကားလေး ဘာလေး ပြောယင်း နေအထွက်ကို စောင့်နေတာပေါ့၊ ဒီလို စောင့်ယင်းနဲ့ပဲ နေက ထန်းတဖျားလောက် ရောက်လာတော့ ကဲ...ပြန်ကြစို့ကွာဆိုပြီး၊ လင်မယားနှစ်ယောက် သစ်ပင်ရိပ်ကနေ ထွက်လိုက်ဘယ်ဆို နေကို ကျောပေးထား တော့ အရိပ်က ရှေ့ဘည့်တည့် ထွက်တာပေါ့၊ ငါ့သူငယ်ချင်းကတော့ သေသေချာချာ မှာတယ် ဘီလူးမဆို အရိပ် မထွက်ဘူးတဲ့၊ ဒါနဲ့ သူ့ရဲ့ ဗယ်ဘက်ဘေးက ကပ်ပြီး လိုက်လာတဲ့ သူ့မိန်းမရဲ့အရိပ်ကို ထွက်မထွက်ကြည့်တော့- အရိပ်ထွက်တာ မတွေ့ဘူး၊ သူ့ရဲ့အရိပ်ကို ကြည့်ပြန်တော့လဲ အရိပ်က ထင်ထင်ရှားရှား တွေ့ရတယ်၊ ဒီတော့မှ ငါ့သူငယ် ချင်းပြောတာ မှန်တယ်၊ သူဟာလူမဟုတ်ဘူး၊ ဘီလူးမပဲလို့

ဆုံးဖြတ်ချက်ချတယ်၊ လူသားက ဘာကိုကြည့်ပြီး ဆုံးဖြတ်ချက်ချတာလဲ (အရိပ်ကို ကြည့်ပြီး ဆုံးဖြတ်ချက် ချတာပါ) မှန်ရောမမှန်ဘူးလား (မှန်ပါတယ်)။

ဒီတော့မှ လူသားက-ငါက လူ အရိပ်ထွက်တယ်၊ သူက ဘီလူးမှ အရိပ်မထွက်ဘူးတဲ့၊ သူ့ရဲ့ဘေးနားက လိုက်လာတဲ့ သူ့မိန်းမရဲ့ မျက်နှာကို ပြန်လှည့် ကြည့်တော့လဲ လူပဲ၊ မျက်နှာပြန်ကြည့်တော့ - ဘာဖြစ်နေလဲ (လူပါ)၊ အရိပ်ပျောက်တာကို ကြည့်တော့ (ဘီလူးမပါ)၊ အဲဒီလို အရိပ်မထွက်တာကို ကြည့်လိုက်တော့ ဟုတ်တယ် ဘီလူးမပဲ၊ ဒါပေမဲ့ မျက်နှာကို ပြန်ကြည့်လိုက်တဲ့ အခါကြတော့ လူပဲတဲ့၊ ဒီတော့ အရိပ်မထွက်လို့ ဘီလူးမပဲဆိုတာက မမှန်ဘူးလာ (မှန်ပါတယ်)၊ မျက်နှာကို ပြန်လှည့်ကြည့်တော့ လူပဲဆိုတဲ့ အမြင်က မမှားဘူးလား (မှားပါတယ်)၊ ဒါဖြင့် လူသားမှာ အစဉ်မှားနေတာလား အမှားတချက် အမှန်တချက် ဖြစ်နေတာလား- (အမှန်တချက် - အမှားတချက် ဖြစ်နေပါတယ်)၊အရိပ်မထွက်ဘူး-ဘီလူးမပဲဆိုတာက အမှန်၊ မျက်နှာ ပြန်ကြည့်တော့ လူပဲဆိုတာက အမှားဆိုတော့ မှန်လိုက် မှားလိုက် ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်)၊ အဲဒါကို ဒိဋ္ဌိကပ်ခွာလို့ ခေါ်တယ်၊ ဒိဋ္ဌိက အစဉ်ကွာတာလား၊ ကပ်လိုက် ခွာလိုက် ဖြစ်နေတာလား (ကပ်လိုက် ခွာလိုက် ဖြစ်နေပါတယ်)။

ကဲ....ဒါဖြင့် သူ ကပ် ခွာ တာ အသာ ထား ပါအုံး ကျွန်တော်တို့ ကပ်တာခွာထာကို အရင်ပြောကြဦးစို့ဗျနော် (ဟုတ်ပါတယ်)၊ ကဲ....ကျွန်တော်တို့ ယောဂီတို့ တရားထိုင်ပြီဆိုယင် အာနာပါနဆိုတဲ့ ထွက်လေ ဝင်လေလေးကို ထူသောင်တယ်၊ အဲဒီလို ထူထောင်ပြီးယင် ဝင်လာတဲ့ လေကလေးကလဲ ဝင်ပြီးယင် ပျက်သွားတာပဲ၊ ထွက်သွားတဲ့ လေကလေးကလဲ ထွက်ပြီးယင် ပျက်သွားတာပဲလို့ မရှုဘူးလားဗျာ (ရှုပါတယ်) လေးကလေး ထုတ်ချင်တဲ့ စိတ်ကလေးကရော မပျက်ဘူးလား (ပျက်ပါတယ်)၊ တခါ လေကလေးကို ပြန်ပြီး ရှုိက်သွင်းချင်တဲ့ စိတ်ကလေးကရော မပျက်ဘူးလား (ပျက်ပါတယ်)။ ဝေဒနာလေး ပေါ်လာတော့ကော မပျက်ဘူးလား (ပျက်ပါတယ်)၊ ပူမှု အေးမှုလေးတွေ ပေါ်လာတော့လဲ မပျက်ဘူးလား (ပျက်ပါတယ်)၊ ဒါဖြင့် ရုပ်တွေ စိတ်တွေ ဝေဒနာတွေကို ဖြစ်တာ ပျက်တာတွေမြင်နေတဲ့ အချိန်မှာ အော်....တို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ မြဲတဲ့တရားမဟုတ်ဘူး၊ အနိစ္စတရားပါလား၊ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာလဲ ဘယ်မှာရှိလို့တုန်း၊ ခန္ဓာတွေပဲ စိတ်တွေပဲ ရုပ်တွေပဲ နာမ်တွေပဲ အားလုံးအပျက်တရားတွေပဲလို့ ရှုလိုက်တဲ့ အခါမှာ ပုဂ္ဂိုလ်သတ္တဝါဆိုတာ ပါသေးလား (မပါပါဘူး)။

အဲဒီလို ပုဂ္ဂိုလ်သတ္တဝါ မပါတဲ့ အချိန်မှာ အမြင်မှန်တဲ့ အချိန်၊ ဒိဋ္ဌိကွာတဲ့ အချိန်ဆိုတော့ အမှန်ကို မမြင်ဘူးလား

ဆုံးဖြတ်ချက်ချတယ်၊ လူသွားက ဘာကိုကြည့်ပြီး ဆုံးဖြတ်ချက်ချတာလဲ (အရိပ်ကို ကြည့်ပြီး ဆုံးဖြတ်ချက် ချတာပါ) မှန်ရောမမှန်ဘူးလား (မှန်ပါတယ်)။

ဒီတော့မှ လူသွားက-ငါက လူ အရိပ်ထွက်တယ်၊ သူက ဘီလူးမို့ အရိပ်မထွက်ဘူးတဲ့၊ သူ့ရဲ့ဘေးနားက လိုက်လာတဲ့ သူ့မိန်းမရဲ့ မျက်နှာကို ပြန်လှည့် ကြည့်တော့လဲ လူပဲ၊ မျက်နှာပြန်ကြည့်တော့ - ဘာဖြစ်နေလဲ (လူပါ)၊ အရိပ်ပျောက်တာကို ကြည့်တော့ (ဘီလူးမပါ)၊ အဲဒီလို အရိပ်မထွက်တာကို ကြည့်လိုက်တော့ ဟုတ်တယ် ဘီလူးမပဲ၊ ဒါပေမဲ့ မျက်နှာကို ပြန်ကြည့်လိုက်တဲ့ အခါကြတော့ လူပဲတဲ့၊ ဒီတော့ အရိပ်မထွက်လို့ ဘီလူးမပဲဆိုတာက မမှန်ဘူးလာ (မှန်ပါတယ်)၊ မျက်နှာကို ပြန်လှည့်ကြည့်တော့ လူပဲဆိုတဲ့ အမြင်က မမှားဘူးလား (မှားပါတယ်)၊ ဒါဖြင့် လူသွားမှာ အစဉ်မှားနေတာလား အမှားတချက် အမှန်တချက် ဖြစ်နေတာလား- (အမှန်တချက် - အမှားတချက် ဖြစ်နေပါတယ်)၊အရိပ်မထွက်ဘူး-ဘီလူးမပဲဆိုတာက အမှန်၊ မျက်နှာ ပြန်ကြည့်တော့ လူပဲဆိုတာက အမှားဆိုတော့ မှန်လိုက် မှားလိုက် ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်)၊ အဲဒါကို ဒွိဓာကပ်ခွာလို့ ခေါ်တယ်၊ ဒွိဓာက အစဉ်ကွာတာလား၊ ကပ်လိုက် ခွာလိုက် ဖြစ်နေတာလား (ကပ်လိုက် ခွာလိုက် ဖြစ်နေပါတယ်)။

ကဲ....ဒါဖြင့် သူကပ်ခွာတာ အသာထားပါအုံး ကျွန်တော်တို့ ကပ်တာခွာထာကို အရင်ပြောကြဦးစို့ဗျနော် (ဟုတ်ပါတယ်)၊ ကဲ....ကျွန်တော်တို့ ယောဂီတို့ တရားထိုင်ပြီဆိုယင် အာနာပါနဆိုတဲ့ ထွက်လေ ဝင်လေလေးကို ထူ သောင်တယ်၊ အဲဒီလို ထူထောင်ပြီးယင် ဝင်လာတဲ့ လေက လေးကလဲ ဝင်ပြီးယင် ပျက်သွားတာပဲ၊ ထွက်သွားတဲ့ လေကလေးကလဲ ထွက်ပြီးယင် ပျက်သွားတာပဲလို့ မရှုဘူး လားဗျာ (ရှုပါတယ်) လေးကလေး ထုတ်ချင်တဲ့ စိတ်က လေးကရော မပျက်ဘူးလား (ပျက်ပါတယ်)၊ တခါ လေကလေးကို ပြန်ပြီး ရှိုက်သွင်းချင်တဲ့ စိတ်ကလေးကရော မပျက်ဘူးလား (ပျက်ပါတယ်)။ ဝေဒနာလေး ပေါ်လာ တော့ကော မပျက်ဘူးလား (ပျက်ပါတယ်)၊ ပူမှု အေးမှု လေးတွေ ပေါ်လာတော့လဲ မပျက်ဘူးလား(ပျက်ပါတယ်)၊ ဒါဖြင့် ရုပ်တွေ စိတ်တွေ ဝေဒနာတွေကို ဖြစ်တာ ပျက်တာ တွေမြင်နေတဲ့ အချိန်မှာ အော်....တို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ မြဲတဲ့တရားမဟုတ်ဘူး၊ အနိစ္စတရားပါလား၊ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာလဲ ဘယ်မှာရှိလို့တုန်း၊ ခန္ဓာတွေပဲ စိတ်တွေပဲ ရုပ် တွေပဲ နာမ်တွေပဲ အားလုံးအပျက်တရားတွေပဲလို့ ရှုလိုက်တဲ့ အခါမှာ ပုဂ္ဂိုလ်သတ္တဝါဆိုတာ ပါသေးလား (မပါပါဘူး)။

အဲဒီလို ပုဂ္ဂိုလ်သတ္တဝါ မပါတဲ့ အချိန်မှာ အမြင်မှန်တဲ့ အချိန်၊ ဒိဋ္ဌိကွာတဲ့ အချိန်ဆိုတော့ အမှန်ကို မမြင်ဘူလား

(မြင်ပါတယ်)၊ ဘာကွာနေလို့လဲ (ဒိဋ္ဌိ ကွာနေလို့ပါ)၊ ဝေဒနာထဲမှာ ယောကျ်ား မိန်းမ ပါသလား (မပါပါဘူး)၊ စိတ်ထဲမှာရော ပါသလား (မပါပါဘူး)၊ ပုဂ္ဂိုလ် သတ္တဝါ ဆိုတဲ့ ဒိဋ္ဌိအယူပျောက် သစ္စာအမြင်ရောက်နေတဲ့ အချိန်မှာ ဒိဋ္ဌိကွာတဲ့ အချိန်ပေါ့၊ မကွာဘူးလား (ကွာပါတယ်)။

တနာရီ တရားထိုင်လို့ နာရီလည်းစေ့ရော ကဲ တော်ကြ တော့လို့ ဆိုပြီး တရားလဲဖြုတ်ရော အဲဒီအချိန်မှာ ခြေဆင်း ခါးချိုးပြီး ကိုယ့်ပေါင်ကို လက်သီးနဲ့ထုပြီး ညောင်းလိုက် တာလို့ ပြောနေကြတယ်၊ ဖြစ်ပြီး ပျက်တတ်တဲ့ တရားလေး ပါလားဆိုတာကို မရှုတော့ဘူး၊ ရှုသေးလား (မရှုတော့ ပါဘူး)၊ အဲဒီအချိန်ဟာ ဒိဋ္ဌိပြန်ဝင်တဲ့အချိန်၊ ခုန လူသား မျက်နှာပြန်ကြည့်သလို ဝေဒနာလေးတွေ အပျက်မြင်နေ တော့ ဒိဋ္ဌိက ကွာနေတယ်၊ ဝေဒနာလေးတွေက အပျက်ပဲ၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ မဟုတ်ဘူး၊ ဒါဟာ သစ္စာတရားတွေ ရှုနေရဘာပဲ၊ ဟုတ်လိုက်တာ မှန်လိုက်တာ ဆိုတော့ မကောင်းဘူးလား (ကောင်းပါတယ်)။

တခါ နာရီစေ့တော့ မရှုတော့ဘူး၊ ဒူးခေါင်းက ကိုက် လိုက်တာ၊ ခါးက ကိုက်လိုက်တာ၊ ခြေသလုံးက နာလိုက် တာလို့ဆိုတာက မျက်နှာ ပြန်လှည့်ကြည့်လို့ ဒိဋ္ဌိပြန်ဝင်လာတဲ့ အချိန်ဆိုတာ ပေါ်ပြီလား(ပေါ်ပါပြီ)၊ ခန္ဓာဉာဏ်လှည့်လို့ အပျက်မြင်တဲ့ အချိန်က ဒိဋ္ဌိကွာတဲ့အချိန်၊ အရိပ်ပျောက်တဲ့

အချိန်၊ တခါနာရီစေ့လို့ တောင်ကြပါစို့ ဆိုတော့ ဖပါင်ကိုက်တယ် ခါးကိုက်တယ်ဆိုပြီး မရှုပဲ နှိပ်နယ်နေတာက၊ မျက်နှာ ပြန်ကြည့်ပြီး ဒိဋ္ဌိပြန်ဝင်တဲ့ အချိန်လို့ဆိုတာ ရှင်းရဲ့လား (ရှင်းပါတယ်)။

ဒါနဲ့ လူသား လျှောက်ပြီးလာလိုက်တာ၊ သူဟာ ဘီလူးမပဲတဲ့ အရိပ်မထွက်ဘူး၊ ငါက လူသား အရိပ်ထွက်တယ်၊ ငါ့သူငယ်ချင်း ပြောတာ ဟုတ်လိုက်တာ မှန်လိုက်တာနဲ့ တွေးယင်း စဉ်းစားလာလိုက်တာ အိမ်ကို ရောက်သွားတယ်၊ အဲဒီလို အိမ်ပေါ်လည်း ရောက်လည်း ရောက်ရော နေရိပ်နေရောင်လည်း မရှိတော့ လူရော–ဘီလူးရော အရိပ်ပျောက်တာပေါ့၊ မပျောက်ဘူးလား (ပျောက်ပါတယ်)၊ ယောဂီတို့ တရားထိုင်တဲ့အခါမှာ ဖြစ်ပျက်မြင်တော့ အရိပ်ပျောက်တဲ့ အချိန်၊ တခါ နာရီစေ့လို့ တောင်ကြစို့လို့ ဆိုတော့ မျက်နှာ ပြန်လှည့်ကြည့်ပြီး ဒိဋ္ဌိပြန်ဝင်တဲ့ အချိန်ဆိုတော့ ဒိဋ္ဌိက ကပ်ခွာ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်)၊ အဲဒီမှတဆင့် အိမ်ပေါ်ရောက်ပြီး၊ သားနဲ့သမီးလည်း လုံးလည်ခတ်သွားရော–နှစ်ယောက်စလုံး အရိပ်ပျောက်တဲ့ အချိန်လဲ ဖြစ်ရောပေါ့ဗျာ၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်)၊ လူသားမှာ အိမ်လည်းရောက်ရော ဘီလူးမပါ ဆိုတာကို လုံးလုံးပြန်ပြီး သတိ မရတော့ဘူး၊ ကန်းမိတိုင်း ပြန်မကန်း ဘူးလား

(ကန်းပါတယ်)၊ ရှူးမိတိုင်း ပြန်မရှူးဘူးလား (ရှူးပါတယ်) ရှူးလိုက်တဲ့ဖြစ်ချင်းမှ သွက်သွက်ကို ခါနေတာပဲဗျနော်။

ဝတ္ထုကြောင်း ပြောချင်လို့ မဟုတ်ပါဘူးနော်၊ ကျွန်တော်တို့ ယောဂီတွေ ဉာဏ်အသိနဲ့ ခန္ဓာအရှိကို ခွဲခြားပြီး သိစေချင်လို့ပါနော်၊ ဝတ္ထုကြောင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ လာတာကတော့ ခပ်ကျဉ်းကျဉ်းပဲ၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရား ဟောကြားတဲ့ သစ္စာတရားတွေကို ကျွန်တော်ကလည်း နာထားရတော့ သစ္စာတရားတွေ ဟောတာထက် ဒီ ဝတ္ထုကြောင်းလေးနဲ့ ဥပမာပေးပြီး အလုပ်ပေး တရားတွေ ဟောရယင်တော့ ယောဂီတွေ သဘောပေါက် နားလည်လွယ်မှာပဲ ဆိုပြီး ဟောတာပဲ၊ ခင်ဗျားတို့ သဘောပေါက်-မပေါက်တော့ မပြောတတ်ဘူး (ပေါက်ပါတယ်)၊ ကဲ....ဒါဖြင့် ဝတ္ထုကြောင်းလေး ဆက်ကြဦးစို့....။

ဒါနဲ့ လူသား မေ့မေ့ပျောက်ပျောက်နဲ့ ပျော်နေပြန်ရော၊ ဝိဇ္ဇာမိုရ်ကလည်း (၂-လ) (၃-လ) လောက် ကြာသွားတော့ တခါပြန်ကြည့်တယ်၊ ငါ့သူငယ်ချင်း ပြေးပလား မသိဘူးဆိုပြီး ကြည့်တော့ မပြေးသေးဘူး၊ ဒီလူသားမှာ ပြေးမည်လို စိတ်ကူးသလား၊ မပြေးသေးဘူးလို စိတ်ကူးသလား (မပြေးဘူးလို့ စိတ်ကူးထားပါတယ်)၊ ဒါဖြင့် ကျွန်တော်တို့ ယောဂီတို့ တတွေရော ဒီခန္ဓာကိုယ်ကနေ

လွှတ်အောင်ပြေးမည်၊ စိတ်ကူးထားသလား၊ မပြေးဘူးလို့ စိတ်ကူးထားသလား၊ (မပြေးဘူးလို့ စိတ်ကူးထားပါတယ်)။

ဒါဖြင့် ကျွန်တော်တို့တတွေနဲ့ ခုန လူသားနဲ့ တူနေပြီ နော် (တူပါတယ်)၊ ကျွန်တော်တို့က လူသားနဲ့တူတဲ့ ပုထုဇဉ် ခန္ဓာငါးပါးက ကဲ....ဒါဖြင့် ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားက ခင်ဗျားတို့ တနေ့ သေလိမ့်မည်၊ သား ရေး သမီးရေး စီးပွားရေးတွေနဲ့ အချိန်ဖြုန်းပြီး မနေကြပါ နဲ့ ကြိုးစားကြပါ၊ အပါယ်လေးပါး တံခါးပိတ်တဲ့ အလုပ် တွေကို ဖျက်လုပ်ကြစမ်းပါဆိုတာဟာဖြင့် ဆရာတော်ကြီး က တဇွတ်ထိုး ပြောတယ်လို့များ မထင်နဲ့နော်၊ ခင်ဗျားတို့ ကျွန်တော်တို့တတွေကို သနားတော်မူလွန်းလို့ ဝိဇ္ဇာ ဓိုရ်ပမာ လာပြီး သတိပေး ကယ်တင်နေတာပါ (ဟုတ်ပါတယ်)၊ ကဲ....ဒါဖြင့် ဒီတရားကို နားကြီးကြီးနဲ့ ထောင်ပါလို့ မှာတာဟာ မမှာထိုက်ဘူးလား၊ (မှာထိုက်ပါတယ်)၊ နား သေးယင် ဒီတရားကို နာလို့ မရဘူးဗျ၊ သားရေး သမီးရေး တွေကို နောက်မှလုပ်ပါ၊ ကိုယ့်အပါယ်လေးပါး တံခါး ပိတ်တဲ့ အလုပ်ကို အယင်လုပ်စမ်းပါ၊ သားတွေ သမီးတွေ စီးပွားတွေကို ခင်ဗျားတို့အားကိုးရာ မဟုတ်ပါဘူးလို့ မမှာ ဘူးလား (မှာပါတယ်)၊ မိဘနဲ့ သားသမီး ရန်တိုက်ပေး တယ်လို့ မထင်နဲ့နော်၊ ဆရာတော်ဘုရားကြီးက အမှန်တွေ ပြောနေတာလို့ မှတ်ပါ၊ ဒါကို နားသေးတဲ့ ပုဂ္ဂိုလ်များက

ဒါ-တို့ကို သားသမီးနဲ့ သက်သက်ခွဲတာလို့ သွားလုပ်ချင် လုပ်နေမှာ၊ တမင်ခွဲသာ မဟုတ်ပါဘူးဗျ၊ အမှန်ကို ပြောနေ တာပါ။

အချို့က စကားကို ကပ်ပြီး ပြောတတ်ကြတယ်၊ နား ကြီးကြီးနဲ့ ထောင်ကြပါ၊ နားသေးသေးနဲ့ မထောင်ကြ ပါနဲ့လို့ ပြောယင် ကိုယ့်နားရွက်ကို ဆွဲပြီး ကျွန်တော်တို့မှာ ဒီနားရွက်ပဲရှိတယ်၊ ဒီထက်ကြီးစရာလည်းမရှိဘူး သေးလို့လဲ မရဘူး၊ ဒီထက် နားကြီးရယင်တော့ ဆင်နားရွက်တပ်ပြီး နားထောင်ရမှာပဲ၊ သေးချင်ယင် ကြွက်နားရွက် ဖြတ်တပ် ရမှာလားလို့ တချို့ပြောလေ့ရှိတယ်၊ ဒီလို မဟုတ်ပါဘူး နော်၊ နားကြီးကြီးနဲ့ ထောင်ပါလို့ ပြောရတာက ခင်ဗျားတို့ ဆင်နားရွက် ငှားစရာ မလိုဘူး၊ ကြွက်နားရွက် ဖြတ်ပြီး တပ်စရာလည်း မလိုဘူးဗျ၊ နားကြီးကြီးနဲ့ ထောင်ပါလို့ ပြောရတာ ဉာဏ်နားဆိုတာကလည်း ပြောလာတဲ့ စကား သံလေးတွေကို ချင့်ချိန်ခြင်း၊နှိုင်းဆခြင်း၊ဝေဖန်သုံးသပ်ခြင်း၊ ဟုတ်မဟုတ် မှန်မမှန် ဝေခွဲခြင်း၊ ပိုင်းခြား၍ သိခြင်းသည် သာ ဉာဏ်နားလို့ခေါ်တာပါ၊ ရှင်းရဲ့လား (ရှင်းပါတယ်)။

ဒါနဲ့ ဝိဇ္ဇာက ငါ့သူငယ်ချင်းတော့ ခက်သေးတယ်၊ ဘီလူးမမှန်း သိရက်နဲ့ အခုထက်ထိ မပြေသေးဘူးတဲ့၊ ဒါပေမဲ့ ငါ့မှာက ဝတ္တရား ရှိတယ်၊ (၃)ကြိမ် (၃) ခါတော့ သတိပေးမှပဲ၊ ဒါမှမရလည်း သူ့ထိုက်နဲ့ သူ့ကံပဲလေ၊ မတတ်

နိုင်ဘူး၊ နောက်ဆုံးအနေနဲ့ သွားပြီး ပြောအုံးမည်ဆိုပြီး၊ ဝိဇ္ဇာဓိုရ်ရက သူငယ်ချင်းဆီသွား လူသားရဲ့ အိမ်ရှေ့လည်း ရောက်ရော-လူသစ်းဟာ ဆီးပြီး၊ ဟာ-သူငယ်ချင်း မင်း လာပြန်ပြီလားလို့ ဆီးမေးတယ်၊ ဝိဇ္ဇာဓိုရ်ရက ဒီစာခါတော့ မာပြီဗျ၊ ပထမ အကြိမ်နဲ့ ဒုတိယ အကြိမ်တုန်းကတော့ ခပ်ပျော့ပျော့ပဲ၊ ယခု (၃) ကြိမ်မြောက်လည်း ရောက်ရော၊ တခါတည်း မာတော့တာပဲ၊ ဟေ့ကောင်.... မင်းကများ ငါ့ကို လာပြန်ပြီလားလို့ လုပ်မနေနဲ့ကွ၊ ငါလာတာ ငါ့ရဲ့ အကျိုး တခုမှ မပါဘူးကွ၊ မင်းကို ဘီလူးမက လှည့်ပတ် ဖြားယောင်းပြီး လူယောင်ဆောင် ပေါင်းသင်းဆက်ဆံ နေတာကွ၊ တနေ့ကျ မတတ်သာ ဒဿကာချိုင်မယ်ကွ၊ မင်းကို ဒုက္ခပေးမှာ အမှန်ပဲ၊ ကျားနဲ့သမင် မိတ်ဆွေဖွဲ့ယင် တနေ့ကျ သမင် အစားခံရမည်၊ ဖားနဲ့မြွေ မိတ်ဆွေဖွဲ့ယင် လည်း ဖားဟာ မြွေအစာဖြစ်မည်၊ ကြောင်နဲ့ကြွက် မိတ်ဆွေ ဖွဲ့ယင်လဲ တနေ့ ကြွက်ဟာ ကြောင်ရဲ့အစာ ဖြစ်သလို၊ အခုလဲ လူနဲ့ ဘီလူး ပေါင်းသင်းနေတော့ တနေ့ကျယင် သူ့ငမ်း ပူဆာမနေသာယင် မင်းကို ဒုက္ခပေးမှာကို ငါမြင်လို့ လာပြီး ရန်သူ့လက်တွင်းက ကယ်တဲ့သူကိုတောင်မှ မင်းက၊ လာပြန် ပြီလားလို့ မေးနေရသေးလားကွာ။

ကဲ....ယောဂီတို့ ဝိဇ္ဇာဓိုရ်သည် ဒီတခါ ပျော့ပျော့ ပြောသလား- မာမာပြောသလား (မာမာပြောပါတယ်)၊

ဘယ်နှစ်ကြိမ်မှာ မာတာလဲဗျ (၃–ကြိမ်မှာ မာတာပါ)၊ ဒါဖြင့် ယောဂီတို့ ကျွန်တော် အခု ဒီမှာတရားလာဟောတာ ဘယ်နှစ်ကြိမ်ရှိပြီလဲဗျ၊ အကြိမ်ပေါင်း မနည်းတော့ပါဘူး၊ ဒါဖြင့် ကျွန်တော်လာပြီး ဟောနေတဲ့ တရားတွေ မာမာ ဟောသလား–ပျော့ပျော့ ဟောသလား၊ ပျော့ပျော့ ဟောပါတယ်၊ ပျော့ပါတယ်ဗျ၊ တခါတလေ ချော့ပြီးတောင် ပြောရတယ်၊ ကြိုးစားကြစမ်းပါလို့ ချော့ချော့မော့မော့နဲ့ တိုက်တွန်းနေရသေးတယ်· သိပ်ပြင်းပြင်းထန်ထန် ပြောလိုက်ယင် လွန်တယ်ဆိုပြီး၊ နောက်တရားပွဲ ဆိုယင် မလာပဲ နေဦးမည် (လာမှာပ.ါ)၊ မထင်ပါဘူးဗျာ။

ဒါနဲ့ ဝိဇ္ဇာဓိုရ် ဒီတခါတော့ ခပ်မာမာ ပြောတာနော်၊ ဘယ်သူက မာတာလဲ (ဝိဇ္ဇာဓိုရ်က မာတာ)၊ အဲဒီလို ဝိဇ္ဇာဓိုရ်က မာတော့မှ–လူသားက အေးကွာ သူငယ်ချင်းရာ ငါမှားပါတယ်ကွာ၊ အိမ်ပေါ်တက်ပါဦး သူငယ်ချင်းရာ ဆိုလိုက်တော့၊ ဝိဇ္ဇာဓိုရ်က အိမ်ပေါ်တက်ပြီး ထိုင်နေတော့ လူသားက ညှော့ဝတ်ပြုပြီးနေတော့မှ ဝိဇ္ဇာဓိုရ်က မေးတယ်၊ ကဲ....သူငယ်ချင်း မင်းဆီငါလာတာ စားချင် သောက်ချင်လို့ လာတာမဟုတ်ဘူးကွ၊ မင်းအမျိုးသမီး ငါပြောခဲ့တဲ့ အရိပ်ထွက်မှု– မထွက်မှုကို မင်းကြည့်ရှုလစ်းလို့ လာမေးတာကွ၊ အေး....ကြည့်တယ် သူငယ်ချင်း– မင်းပြောသလိုပဲ အရိပ်မထွက်ဘူးကွ၊ မင်းပြောတဲ့ ဘီလူးမဆိုတာ ဟုတ်မှာ

ပါကွာ၊ ငါတော့ ယုံကြည်တယ်ကွ၊ မင်းပြောတဲ့ စကား အတိုင်း တချက်မှ မလွဲဘူး- သူငယ်ချင်းရာလို့ ပြောလိုက် တော့၊ အေး....မင်း ငါပြောတဲ့အတိုင်း အရိပ်မထွက်ဘူး ဆိုယင် ဘီလူးမကွ၊ မင်း ပြေးပါတော့လားကွလို့ ဆိုတော့ လူသားက မင်းပြောတဲ့အတိုင်း ဘီလူးမဆိုတာတော့ အမှန် ပဲကွ၊ သို့သော်လည်း ငါနဲ့ ပေါင်းသင်းလာတာ ကြာပြီကွ၊ ငါ့အပေါ်မှာတော့ ဒီလို ရက်ရက်စက်စက် လုပ်မယ် မထင် ဘူး သူငယ်ချင်းရာလို့ ပြန်ပြောတယ်။

ဒီလို လေသံထွက်လာတော့ သူက ပြေးမည်ပြောသလား၊ မပြေးဘူးလို့ ပြောသလား (မပြေးဘူးလို့ ပြောတာပါ)၊ ကဲ....ဒါဖြင့် ကျွန်တော်တို့မှာလဲ ခန္ဓာငါးပါးနဲ့ ပေါင်းသင်း လာတာ သယ်လောက်ကြာပြီလဲ (ကြာပါပြီ)၊ ကြာပြီလို့ လုပ်မနေနဲ့ အနမတဂ္ဂ သံသရာကနေပြီး ယခုအချိန်အထိ ပေါင်းနေတာပါဗျ။

ကျွန်တော်တို့ ဂေါ်ဝါဠု သဲစုမျှမကခဲ့သော ဘုရား အဆူဆူ မပွင့်ခဲ့ဘူးလားဗျာ (ပွင့်သွားပါတယ်)၊ နောက်က သာဝကတွေရော ပါမသွားဘူးလား (ပါသွားပါတယ်)၊ ဘုရားတဆူဆူမှာလေ- နှစ်ဆယ့်လေးသင်္ချေနဲ့ ကုဋေရှစ်ဆယ် ဗိုလ်ခြေတသိန်း ပါသွားတယ်ဆိုတော့- ပွင့်ခဲ့တဲ့ ဘုရားက သဲမှုန့်နဲ့အမျှ ရေတွက်လို့ မရယင် နောက်က ပါသွားတဲ့ သာဝက ဘယ်လောက်ပါလို့ ဆိုတာကို ပြောဖို့ မလိုတော့

ဘူးဗျ၊ လိုသေးလား (မလိုပါဘူး)၊ အဲဒီ ပွဲတွေကို လွတ်အောင် ရှောင်ခဲ့တာဟာဖြင့် ကျွန်တော်တို့ တတွေဟာ လူစွမ်းကောင်းတွေဗျနော်၊ သူတို့တော့ မသေလမ်း သွားကုန်ပြီ၊ တို့ကတော့ သေချင်သလောက် သေစမ်းဆိုတော့ သတ္တိရှိလို့ လည်စင်းပေးတာပေါ့ဗျ (ဟုတ်ပါတယ်)။

ဒါဖြင့် သေရဲတဲ့သူ ကျန်နေခဲ့တာလား- မသေရဲတဲ့သူ ကျန်နေခဲ့တာလား (သေရဲတဲ့သူ ကျန်ခဲ့တာပါ)၊ အခု ကျွန်တော်တို့မှာ ခန္ဓာငါးပါး ရမထားဘူးလား (ရထားပါတယ်)၊ မသတ်ဘူးလား (သတ်မှာပါ)၊ ဒါကိုများ ငါနဲ့ ပေါင်းသင်းလာတာ ကြာပါပြီ၊ ရက်ရက်စက်စက် လုပ်မည် မထင်ဘူးလို့ လာချင်သေးလား (မလာချင်ပါဘူး)၊ ခန္ဓာနဲ့ မတိုက်ယင် နေရမည်၊ နှလုံးအိမ်ထဲမှာတော့ ဗွက်ကြမ်းနေမှာပဲနော်၊ မကြမ်းဘူးလား (ကြမ်းပါတယ်)။

ဒါနဲ့ ဝိဇ္ဇာဓိုရ်ရ်က အေးပေါ့ကွာ၊ မင်းကတော့ ရက်ရက်စက်စက် လုပ်မည် မထင်ဘူး၊ ဒါပေမဲ့ သူငယ်ချင်း မင်းတနေ့ ဒုက္ခရောက်မှာကို ငါမကြည့်ရက်လို့ ယခုလိုလာပြီး ပြောရတာကွ၊ ဒီတခါတော့ နောက်ဆုံးပဲ သူငယ်ချင်း၊ နောက်လည်း ငါမလာတော့ဘူးကွ၊ မင်းငါ့စကား နားမထောင်လို့ရှိယင်လည်း မင်းထိုက်နဲ့မင်း သရော မျောချင်ရာမျောပေတော့ သူငယ်ချင်း။

ဒီတော့ လူသားကစဉ်းစားတယ်၊ အော်....ငါ့သူငယ်ချင်း လာ လာ ပြောတာ မှန်တယ်၊ ဒီတခါ ငါနားမထောင်လို့ ရှိယင် သူနေ့ဘက်ထပ်လဲ လာမှာမဟုတ်တော့ဘူး၊ ငါနဲ့ကလဲ ငယ်စဉ်ကထဲက ကောင်းတိုင်ဖင် ဆိုးတိုင်ပင် ငါ့အပေါ်မှာ ဘယ်တုန်းကမှ မဟုတ်တာ မလုပ်ခဲ့ မပြောခဲ့ဘူး၊ ဒီတော့ ငါ့သူ့စကားနားထောင်မှ ဖြစ်မယ်လို့ တွေးပြီး အေး... ပြောပါသူငယ်ချင်းရာ မင်းပြောတဲ့စကား ငါနားထောင် ပါ့မယ်၊ ဒီလို ပြောလိုက်တော့မှ ဝိဇ္ဇာဓိုရ်က သူငယ်ချင်း ငါပြောခဲ့မည်ကွ၊ မင်း ဒီညမအိပ်နဲ့- ဇွဲခပ်ပြီး စောင့်ကွ၊ မင်းမိန်းမ အိပ်ပျော်တဲ့ အခါကျယင် ဆောင်ရုပ်ဆိုတာ အမြဲမရှိဘူးကွ၊ အဲဒီအချိန်ကျယင် မင်းအိပ်ယာက အသာထ၊ မီးတိုင်ခွက်ထွန်းပြီး မင်းမိန်းမရဲ့ မျက်နှာကို သေသေချာချာ ကြည့်ကွ၊ လူလား- ဘီလူးလားဆိုတာ အဲဒီတော့မှ မင်းသိ လိမ့်မယ်၊ ကဲ... ငါပြန်မည် သူငယ်ချင်းလို့ ပြောပြီး အိမ်ပေါ်က ဆင်းသွားတယ် ဆိုယင်ပဲ ဝိဇ္ဇာဓိုရ်က ပျောက် သွားတယ်။

ဒီတော့မှ လူသားက ငါ့သူငယ်ချင်း ပြောသွားတာ တွေဟာ အားလုံး အမှန်တွေပဲ၊ ဒီတော့ ငါ့သူငယ်ချင်း ပြောတဲ့အတိုင်း ငါမအိပ်ဘူး စောင့်ကြည့်မည်လို့ စိတ်ကူး ပြီး နေတယ်၊ ညနေဘက်လည်းရောက်ရော စောစောလေး စားသောက်ပြီး မိန်းမရေ အိပ်စို့ကွာလို့ ပြောပြီး စော

စော အိပ်ရာဝင်တယ်၊ ဒါနဲ့ပဲ တဖြည်းဖြည်း ညဉ့်နက်လာတယ်၊ ဆယ့်နှစ်နာရီခွဲ တချက်လောက်ရောက်တော့ သူ့မိန်းမ အိပ်ပျော်သွားရော၊ ဒီတော့မှ အကြံသမားက အသာလေးလှုပ်ပြီး ကြည့်တယ်၊ အိပ်နေတာ သေချာပြီဆိုတော့မှ ဖြည်းဖြည်းလေး ထပြီး ခြင်ထောင် အပြင်ဘက်ထွက်၊ မှောင်ထဲစမ်းပြီး မီးခွက်ထားတဲ့ နေရာသွားပြီး မီးတိုင်လေးထွန်းကုတင်တိုင်ပေါ်တင် ခြင်ထောင်ကို အသာလေးမပြီး အိပ်နေတဲ့ သူ့ရဲ့မိန်းမ မျက်နှာကို အသေအချာကြည့်လိုက်တော့ သူ့မိန်းမရဲ့ ပါးစပ်က ထွက်နေတဲ့ အစွယ်ရဲ့အရှည်က တထွာလောက် ရှိတယ်၊ အလုံးက ပြောင်းဖူး အသေးစားလောက်ရှိတယ်တဲ့။

ခင်ဗျားတို့ ဘီလူးကို မြင်ဘူးကြရဲ့လား (မမြင်ဘူးပါဘူး) အရှင်တော့ မဟုတ်ဘူးပေါ့ဗျာ၊ ကျွန်တော်တို့ဘုရားတွေမှာ ဘီလူးရုပ်တွေ ရှိတတ်ပါတယ်ဗျ၊ မတွေ့ဘူးဘူးပြီးလား (တွေ့ဘူးပါတယ်)၊ အဲဒီအတိုင်းပဲ၊ ပါးစပ်က သနားကမား ခပ်ပြဲပြဲလေးပေါ့၊ အစွယ်က တထွာလောက်နဲ့ ခြင်ထောင်ထဲ ခန့်ခန့်ကြီး အိပ်နေတော့ လူသားမှာ လန့်သွားတာပေါ့၊ ဘာသွားတွေ့လို့ လန့်တာလဲ (ဘီလူးမ သွားတွေ့လို့ပေါ့)။

မလန့်ပဲ နေပါ့မလားဗျ၊ အချိန်ကလဲ ညဆယ့်နှစ်နာရီ တချက် တောထဲမှာကလဲ တအိမ်တည်း၊ နောက်ပြီး အဖော်ကလည်း မပါ၊ အိပ်ရာထဲ ပြန်လှည့် ကြည့်တော့လည်း

ဘီလူးမဆိုတော့ ကြောက်ပြီပေါ့ဗျာ၊ ဒီလူ့နေရာ ခင်ဗျား တို့ ဝင်ကြည့်စမ်းပါဗျ၊ ကြောက်မလား မကြောက်ဘူးလား လို့ (ကြောက်မှာပါ)၊ဒီတော့မှ လူသားက ငါ့သူငယ်ချင်း ပြောတာ မှန်လိုက်တာ သူဟာ ဘီလူးမကြီးပဲဆိုပြီး ခြင် ထောင်ကို မြန်မြန်တောင် ပြန်မချရဲဘူး၊ ဘီလူးမနိုးသွား မှာ စိုးလို့ ဖြည်းဖြည်းလေး ပြန်ချပြီး မီးတိုင်ခွက်လေးယူ တခန်းကျော် တိုင်ခြေရင်းမှာ မီးခွက်လေး ဘေးချပြီး ငုတ် တုတ် မိုးလင်းရတယ်၊ ခြင်ထောင်ဘက်လှည့်တောင်မကြည့်ဝံ့ ဘူး၊ ဘာတွေ့ခဲ့လို့လဲ (ဘီလူးမတွေ့ခဲ့လို့ပါ)၊ ဘီလူးမကို သေသေချာကြည့်ပြီး ပြန်မအိပ်ရဲဘူး၊ တိုင်ဘေးထိုင်ပြီး စောင့်ပြန်နေတယ်၊ ငါတော့ မှားပြီ ငါ့သူငယ်ချင်းပြော တာ မှန်တယ်၊ငါကတော့ ငါ့အပေါ် ရက်ရက်စက်စက်လုပ် မည်မထင်ဘူးလို့ ပြောရတာက အရိပ်ပျောက်တာလောက် ပဲလို့ ငါကသိတာ၊ အခုတော့ ငါမှာဘီလူးမကြီးနဲ့ အတူတူ နေရတာပဲဆိုပြီး တွေးယင်းနဲ့ ကျောတချမ်းချမ်းနဲ့ ခြင် ထောင်ဘက် မကြည့်ရဲတော့ဘူး။

ခြင်ထောင်ဘက် ကြည့်ရဲသေးရဲ့လား (မကြည့်ရဲပါဘူး) အဲဒီလို ကြောက်စိတ်တွေဝင်လာတော့ ငါမှားပြီ မှားပြီနဲ့ သူ့မှားလုံးပဲ တွေးတော့တယ်၊ ကြင်နာလုံးမပါတော့ဘူး။ ဘီလူးအစစ်ကို မြင်တော့ သူ့မှာ ကြင်နာလုံးတို့ တွယ်တာ လုံးတို့ဆိုတာ မလာတော့ဘူး ငါတော့ အမှားကြီးမှားပေါ့

ဆိုပြီး ကြောက်စိတ်တွေ ဝင်ပြီးတော့ သူမှာ နိဗ္ဗိန္ဒဉာဏ်တွေ ဝင်နေတော့တယ်၊ ဘာဉာဏ်ဝင်နေလဲဗျ၊ (နိဗ္ဗိန္ဒဉာဏ်ဝင်နေပါတယ်)။

အဲဒီလို တွေးနေယင်းက အိုးမောင်းတွေ ဘာတွေ ခေါက်သံ ကြေးစည်သံတို့ ကြက်တွန် သံတွေ ကြားပြီး အရုဏ်တက်လာတော့ အလင်းရောင်လေး ဘာလေးလဲပေး လာရော၊ သူ့မိန်းမလည်း အိပ်ရာကနိုးပြီး ဝူးဝါးနဲ့ သန်း ဝေပြီး ခြင်ထောင်ထဲက ထွက်အလာမှာ မသိမသာလေး သူ့မိန်းမကို လှည့်ကြည့်လိုက်တော့လည်း လူပဲဗျ၊ ပြန်လှည့် ကြည့်တော့ ဘာသွားတွေလဲ (လူသွားတွေပါတယ်)၊ ဒီတော့မှသူ့စိတ်ထဲက ဆုံးဖြတ်ချက်ချလိုက်တယ်၊ မင်းငါ့ကို ဆက်ပြီး မညာနဲ့တော့ မင်းရဲ့ ဖြစ်ကြောင်း ကုန်စင်ကို ငါအကုန်သိပြီ၊ မင်းဟာ ဘီလူးမကြီးပဲ၊ ဒီတော့ မင်းနဲ့ငါ အတူမနေတော့ဘူး၊ ပြေးမည်လို့ စိတ်ထဲက တွေးလိုက်တယ်၊ ဖွင့်ပြီးတော့ မပြောဘူး။

လူသားမှာ ဘီလူးမမှန်း သိတော့ အတူနေမည် ပြော သလား၊ ပြေးမည်ပြောသလား (ပြေးမည် ပြောပါတယ်)၊ အဲဒီလို ပြေးမည်ဆိုတော့ သူကစဉ်းစားတယ်၊ သူက ဘီလူးမ ငါက လူသား၊ ငါပြေးလို့ရှိယင် လေးဖါလုံကို တခါတည်း မပြေးနိုင်ဘူး၊ သူက မိုင်အစိတ် သုံးဆယ်ကို တရှိန်တည်း ပြေးနိုင်တယ်၊ ဒီတော့ ငါပြေးလို့တော့ သူ့လက်က လွတ်မှာ

မဟုတ်ဘူး၊ လူသားပြေးလို့ လွတ်ပါ့မလားဗျ (မလွတ်ပါဘူး)။

ကဲ....ဒါဖြင့် ကျွန်တော်တို့ရဲ့ ခန္ဓာဘက်ကိုပြန်လှည့်ကြဦးစို့၊ ကျွန်တော်တို့ရဲ့ ခန္ဓာငါးပါးဟာ ဘာနဲ့တူသလဲဆိုတော့ ဘီလူးနဲ့တူတယ်၊ ဘာနဲ့တူလဲ (ဘီလူးနဲ့တူပါတယ်)၊ အင်း.... အဲဒီ ဘီလူးမနဲ့တူတဲ့ ခန္ဓာငါးပါးက အမျိုးမျိုး ဖန်ဆင်းပြီး လူယောင် နတ်ယောင် ပြဟ္မာယောင်ဆိုတဲ့ အချောအလှတွေ ဖန်ဆင်း ပေးနိုင်တဲ့ သိပ္ပံရှင် ဘီလူးမ၊ ခန္ဓာငါးပါးက ဘာတုန်း (သိပ္ပံရှင် ဘီလူးမပါ)၊ ကျွန်တော်တို့ ပုထုဇဉ်က လူသား၊ သူ့ရဲ့အကြောင်းကို ကုန်စင်အောင် မသိသေးလို့သာ ခန္ဓာကို တွယ်တာနေတာ ကျွန်တော်တို့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဝိဇ္ဇာရှင်ဆိုတော့ ကျွန်တော်တို့ရဲ့ ခန္ဓာဖြစ်စဉ်တွေကို လာပြီးဖော်မပြဘူးလား (ဖော်ပြပါတယ်)။

အခုတော့ သိပါပြီ၊ တော်ရုံ တန်ရုံလောက်တော့ အရိပ်ပျောက်ရုံလောက်တော့ သိပါပြီ၊ ခြင်ထောင်ထဲပါးစပ်ပြဲပြီး နေတာကို မတွေ့ရသေးဘူး၊ ဘာတွေ့တုန်းဗျ (အရိပ်ပျောက်တာလောက် တွေ့ဘာပါ)၊ အဲဒီတော့ ခင်ဗျားတို့ ချွေးလုံး နပန်းလုံး ကျပြီး ကျောချမ်းအောင် ကြောက်ပြီလား (မကြောက်သေးပါဘူး)၊ဒါဖြင့် ကျွန်တော်တို့မှာ နိဗ္ဗိန္ဒာဉာဏ် မလာသေးဘူးပေါ့-လာပြီလား (မလာသေးပါဘူး)။

ကဲ….ဒါဖြင့် ကျွန်တော်တို့ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ဆိုတဲ့နေရာတွေ ရောက်အောင် ပြေးလည်း ခန္ဓာကတာန်းလန်း ပါလာတော့ သေအုံးမှာပဲဗျ၊ ဒါကြောင့် သုံးဆယ့်တဘုံ အတွင်း ပြေးချင်းတဲ့ဆိ ပြေးစမ်းဗျာ၊ ခန္ဓာမပါဘူးလား–ပါလားဆိုတာ (ပါပါတယ်)၊ ကဲ….ဒါဖြင့် ခန္ဓာဘီလူးမကို လွတ်အောင် မပြေးနိုင်ပါဘူးဗျ၊ သူက အင်မတန် အပြေး လျင်တယ်၊ မလျင်ဘူးလားဗျ (လျင်ပါတယ်)။

အဲဒီတော့မှ လူသားက ငါဒီအတိုင်း ပြေးလို့တော့ မဖြစ်ဘူး၊ ငါသတ်ပြီးမှ ပြေးမယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဘယ်လိုဆုံးဖြတ်ချက် ချသလဲဗျ (သတ်ပြီးမှ သွားမည်လို့ ဆုံးဖြတ်ပါတယ်)၊ ဒီတော့မှ လူသားက သူ ဘီလူးမနဲ့ စ,တွေ့တဲ့ အချိန်က ဓားမကြီး တချောင်း ပါလာတာကို သွားသတိရတော့၊ ဓားမကြီး လိုက်ရှာလိုက်တော့ ချောင်ထဲမှာ သွားတွေ့တယ်၊ ဘာသွားတွေ့တုန်းဗျ၊ (ဓားမကြီး သွားတွေ့ပါတယ်)၊ ဓားမကြီးကလဲ ဒီအိမ်·ရောက်ကထဲက ပစ်ထားတော့ သံချေးတွေတက်နေတာပေါ့၊ သူ့ဓားမကြီး သူပြန်ကောက်ပြီး သွေးတယ်၊ ဒါနဲ့ သူက ဓားမကြီးကိုင်ပြီး သွေးနေတော့ သူ့မိန်းမက အနားလာပြီး မေးတယ်၊ ရှင်ဘာလုပ်မလို့ဓားမကြီး သွေးနေရတာတုန်းလို့ မေးတော့ ဒီလိုပေါ့ကွာ ခုတ်စရာရှိ ခုတ်ရတာပေါ့တဲ့၊ နင့် ခုဘ်သတ် မလို့တော့ မပြောဘူး၊ သူ အဲဒီလိုပြောရဲရှဲလား (မပြောရဲ

ပါဘူး)၊ ကဲ....ဒါဖြင့် ဒီခါးမကြီးက နှစ်နဲ့ချီပြီး ပစ်ထား ခဲ့တော့ သွေးတွဲနေရာမှ တချက်ထဲသွေးလို့ ပြတ်မှာလား- အချက်ပေါင်းများစွာသွေးမှ ပြတ်မှာလား (အချက်ပေါင်း များစွာသွေးမှ ပြတ်မှာပါ)။

အဲဒီလို အချက်ပေါင်း များစွာလဲ သွေးလိုက်တော့ ခါးကလဲ ပြတ်သွားရော၊ ကုတင်ဘေး ထောင်ထားလိုက် တယ်၊ ဘီလူးမကို ဒီည အသေသတ်မည်လို့ ဆုံးဖြတ်ချက် ချတယ်၊ ကဲ...ဒါဖြင့် ကျွန်တော်တို့တတွေမှာရော ခန္ဓာ ငါးပါးတည်းဟူသော ဘီလူးမကို သတ်ချင်ရင်တော့ ခါးမ သွေးရလိမ့်မည်၊ ဘာသွေးရမတုန်း (ခါးမ သွေးရမှာပါ)။

ဒါဖြင့် ကျွန်တော်တို့ သွေးရမည့် ခါးမက ဉာဏ်ခါးမ- ယခု ယောဂီတို့သွေးရမဲ့ ခါးမက ဘာခါးမလဲ (ဉာဏ် ခါးမပါ)၊ ဟိုမှာ လူသား ဘီလူးမသတ်မှာက သံခါးမ၊ သံခါးမကြီးသွေးလို့ ပြတ်တော့ ဘီလူးမ သတ်မည်၊ ကျွန် တော်တို့က ဉာဏ်ခါးမကြီး သွေးလို့ ပြတ်ယင် ခန္ဓာ-ဒုက္ခ သစ္စာကို ပိုင်းဖြတ်မည်ဆိုတာ မသေချာဘူးလား (သေချာ ပါတယ်)၊ ဒါဖြင့် ကျွန်တော်တို့က ဘာခါးမ သွေးတုန်း (ဉာဏ်ခါးမ သွေးရမှာပါ)၊ တချက်တည်းသွေးလို့ ပြတ်မှာ လား- အချက်ပေါင်း များစွာ သွေးရမှာလား (အချက် ပေါင်းများစွာ သွေးရမှာပါ)၊ အဲဒီလို အချက်ပေါင်း များစွာ သွေးရမှာက ပဋ္ဌမရုပ်နာမ်လေး ဖြစ်ပျက်ခြင်းတော့

မမှန်ဘူးလား–မှန်လား (မှန်ပါတယ်)၊ အဲဒီ အမှန်ကို မြင်တာ ယထာဘူတဉာဏ်ပေါ့၊ အမှန်မြင်တာ ဘာပါလိမ့် (ယထာဘူတဉာဏ်ပါ)၊ ယထာဘူတဉာဏ်-ဟုတ်တိုင်းမှန်စွာ မြင်တဲ့အခါလေးမှာ ကျွန်တော်တို့က သဲသဲမဲမဲနဲ့၊ ဒီဉာဏ် ဓားမကို ပြတ်အောင် သွေးလိုက်ယင် ဒုက္ခသစ္စာကို မပိုင်ဘူး လား–ပိုင်လား (ပိုင်ပါတယ်)၊ ဒုက္ခသစ္စာကိုပိုင်တော့ ဒီဒုက္ခ သစ္စာက မလွတ်ဘူးလား (လွတ်ပါတယ်)။

အဲဒီတော့ ဒီဒုက္ခကို ခင်တွယ်တယ်ဆိုတဲ့ ခန္ဓာခင်တဲ့ တဏှာ လာသေးလား (မလာပါဘူး)၊ တဏှာကို ခင်တယ် ဆိုတဲ့ သမုဒယသစ္စာ ပယ်ပြီးသားဆိုတာ ဟုတ်ရဲ့လား (ဟုတ်ပါတယ်)၊ မဂ်ဉာဏ်ကသာ ထက်လာမည်ဆိုယင် မဂ်ဓားမသာ ပြတ်မည်ဆိုယင် သမုဒယသစ္စာရော မပယ် ဘူးလား (ပယ်ပါတယ်)၊ ခန္ဓာဒုက္ခသစ္စာ မပိုင်ဘူးလား (ပိုင်ပါတယ်)၊ ဒုက္ခသစ္စာပိုင်းခြား သမုဒယသစ္စာပယ်တော့ နိဗ္ဗာန်မြင်တော့မှာပေါ့၊ မမြင်ဘူးလား (မြင်ပါတယ်)၊ ဒါဖြင့် ကျွန်တော်တို့ဉာဏ်ဓားမ သွေးရမှာပေါ့ (ဟုတ်ပါ တယ်)၊ ပေါ့တော့တော့ သွေးရမှာလား ပြင်းပြင်းထန်ထန် သွေးရမှာလား (ပြင်းပြင်းထန်ထန် သွေးရမှာပါ)၊ ရှင်းရဲ့ လား (ရှင်းပါတယ်)၊ ဒါနဲ့ လူသားက ဓားမကြီး ထောင် ထားပြီး ဒီည ဘီလူးမကို သတ်မည်ပေါ့၊ ညဘက်လဲ ရောက်ရော ဘီလူးမကလဲ သေမဲ့ညမို့ စော်စော်နဲ့

မအိပ်ဘူး၊ သန်းခေါင်ကျော်လဲ မအိပ်၊ တနာရီလဲ မအိပ် ဆိုတော့ လူသားက လဲ သတ်မည်လို့ ဆုံးဖြတ်ပြီး ဇွဲကောင်းကောင်းနဲ့ စောင့်တော့ နှစ်နာရီလောက်ကျမှ ဘီလူးမက အိပ်ပျော်သွားတယ်။

အဲဒီလိုလဲ အိပ်ပျော်သွားရော လူသားက သေချာအောင် ဆိုပြီး သူ့မိန်းမကို တထောင်နဲ့ တွက်နှိုးကြည့်တယ် မလှုပ်ဘူး၊ သေချာတော့မှ အသာလေးထပြီး ခြင်ထောင်ထဲက ထွက်- မီးတိုင်ခွက်ကြီးထွန်းပြီး ကုတင်ပေါ်တက် ခြင်ထောင်ကို လေးဘက်လေးတန် လှည့်ပြီး တင်ထားလိုက်တယ်၊ နောက်ပြီး နေ့လည်က တနေ့လုံး ထိုင်သွေးထားတဲ့ ဓားမကြီး စိုက်ကိုင်ပြီး ပခုံးပေါ် ထမ်းထားတယ်၊ သတ်မည်လို့သာ ဆုံးဖြတ်ထားပေမဲ့ မသတ်ဖြစ်သေးဘူး၊ ဘီလူးမကလဲ သူ့ကို သတ်ပါတော့လို့ မပြောပေမဲ့ ပြောဘိသကဲ့သို့ ခေါင်းအုံးပေါ်မှာ သူ့ရဲ့လည်ပင်းလေးကို ပက်လက်လှန်ပြီး ခင်းပေးထားတယ်၊ အိပ်မောကျနေတာပေါ့၊ အဲဒါကို လူသား ကြည့်ပြီး သတ်မည် သတ်မည်နဲ့ ဓားမကြီးနဲ့ လှည့်ပတ်ကြည့်နေတဲ့ အချိန်လေးမှာပဲ ဟိုရပ်ရွာတည်းက ဘုန်းကြီးကျောင်းတွေက အုံးမောင်းတွေရိုက် ကြေးစည်တွေ တီးလိုက်တဲ့ အသံတွေလဲ ကြားရော-ဟာအချိန်လဲ မနည်းတော့ဘူး တကယ်လို့များ အခုနေ သူလန့်နိုးလာယင် ငါသတ်လိုက်ရတော့မှာ မဟုတ်ဘူး၊ အခုနေ အိပ်ပျော်နေတုန်းသတ်ရတာ

အပိုင်ဆုံးပဲဆိုပြီး ဓားမကြီးစုံကိုင်ပြီး ဘီလူးမရဲ့ လည်ပင်းကို တချက်တည်း ပိုင်းချလိုက်တယ်။

ဘယ်နှစ်ချက်ပိုင်းသလဲ (တချက်တည်း ပိုင်းပါတယ်)၊ အဲဒီလိုလဲ ပိုင်းလိုက်ရော ဘီလူးမလဲ ဇက်ပြတ်ပြီး သေရော၊ အဲဒီလို ဘီလူးမခမျာ သေတဲ့အခါမှာ အလောင်းမရှိဘူး၊ အဲဒီလို ဘီလူးမလဲသေရော–သူစောစောက ဖန်ဆင်းထားတဲ့ အိမ်ကြီးကလဲ ပျောက်သွားတယ်၊ အိမ်ကြီးနဲ့ ဘီလူးမ အလောင်း ဘယ်ရောက်သွားလဲ (ပျောက်သွားပါတယ်)၊ ဘီလူးမရဲ့ ခန္ဓာအလောင်းနဲ့ ခုန သူ ဖန်ဆင်းထားတဲ့ အိမ်ကြီးကလဲ အပျောက်–လူသားမှာ ကွင်းပြင်ထဲရောက်ပြီး ငါတော့ ဘီလူးရန်က ကင်းပြီ အေးပေါ့-ဆိုတဲ့ အေးလုံး လေးက မလာဘူးလား (လာပါတယ်)၊ ချမ်းသာလုံး ရသွားတာပေါ့ဗျာ၊ ရှင်းရဲ့လား (ရှင်းပါတယ်)။

ဒါဖြင့် ကျွန်တော်တို့ ခန္ဓာကြီးက ဘာသစ္စာတုန်း (ဒုက္ခသစ္စာပါ)၊ အဲဒီ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ပိုင်းဖြတ် လိုက်ယင် ဒုက္ခသစ္စာတွေ မချုပ်ဘူးလား (ချုပ်ပါတယ်)၊ ခန္ဓာပျောက်တယ်ဆိုတာ ချုပ်တာပေါ့၊ အဲဒီတော့ ဒုက္ခ သစ္စာကို ဒုက္ခသစ္စာမှန်းသိလို့ မဂ်ဓားမနဲ့ ပိုင်းတယ်ဆိုတော့ ခင်လို့ ပိုင်းတာလား- မခင်လို့ ပိုင်းတာလား (မခင်လို့ ပိုင်းတာပါ)။

ခန္ဓာဒုက္ခကို တွယ်တာတယ်ဆိုတဲ့ သမုဒယသစ္စာ ပယ်ပြီး သွားဗျ၊ သမုဒယက ပယ်ပြီးသား ဒုက္ခကို မဂ်နဲ့ ပိုင်းတယ် ဆိုတော့ မဂ္ဂသစ္စာပေါ၊ ဒါဖြင့် ဒုက္ခ, သမုဒယ နှစ်ချက် ချုပ်တဲ့နေရာမှာ နိရောဓသစ္စာ မပေါ်ဘူးလား (ပေါ်ပါ တယ်)၊ ဒါဖြင့် နိဗ္ဗာန်မြင်ရောပေါ့ ဆိုတဲ့ အလုံးလေးက မလာဘူးလား (လာပါတယ်)။

ဒုက္ခပိုင်းခြားပြီး သမုဒယသစ္စာပယ်ယင် နိဗ္ဗာန်ကို မြင်ပြီ ဆိုတော့ ကျွန်တော်တို့မှာ အေးပြီဆိုတဲ့ အလုံးလေးလာပြီ ပေါ့- မလာဘူးလား (လာပါတယ်)၊ အဲဒီ အချိန်ဟာ မဂ်ကျတဲ့အချိန်ပဲ ရှင်းရဲ့လား (ရှင်းပါတယ်)။

ဒါဖြင့် အားလုံး သူတော်ကောင်းတို့ ဒီအလုပ်ရော လုပ်တတ်ကြပြီလား (လုပ်တတ်ပါပြီ)၊ ဒါဖြင့် စိတ်ကလေး ပေါ်လာယင် ဘာလုပ်ရမလဲ (ဖြစ်ပျက် ရှုရမှာပါ)၊ ရုပ် ကလေးပေါ်လာရော ဘာလုပ်ရမလဲ (ဖြစ်ပျက် ရှုရမှာပါ)၊ ဝေဒနာပေါ်လာလဲ ဘာလုပ်ရမလဲ (ဖြစ်ပျက် ရှုရမှာပါ)၊ ဖြစ်ပြီး ပျက်တာ ဘာသစ္စာတုန်း (ဒုက္ခသစ္စာပါ)၊ ရှုတဲ့ ဉာဏ်က ဘာသစ္စာတုန်း (မဂ်သစ္စာပါ)၊ သေသွားတာက ဘာသစ္စာတုန်း (သမုဒယသစ္စာပါ)၊ နောက်ခန္ဓာ မလာ တာက (နိရောဓသစ္စာပါ)၊ သစ္စာဘယ်နှစ်ပါး ရပြီလဲ (လေးပါး ရပါတယ်)။

အဲဒီလို သစ္စာလေးချက် တပြိုင်တည်းရယင် မဟာ သေ-တာပန် ဖြစ်မည်ဆိုတာ မသေချာဘူးလား (သေချာ ပါတယ်)။

ကဲ....ဒါဖြင့် အားလုံးပဲ ဒါလေးကို အာရုံပြုကြ....

ဒုက္ခသစ္စာ ပရိညာကိစ္စ ပိုင်ပိုင်နိုင်နိုင် သိကြကုန်၍ သမုဒယပယ်ခြင်း, နိရောဓသစ္စာ မျက်မှောက်ပြုခြင်း, မဂ္ဂ သစ္စာပွားများခြင်းဆိုတဲ့ စတုသစ္စသမ္မာဉာဏ် အလင်းကို ရကြကုန်၍၊ အဖန်ဖန် ပဋိသန္ဓေနေရခြင်း ဟူသော ဇာတိမီး, အိုမင်းယိုယွင်းရသော ဇရာမီး, မကျန်းမမာ ကျင်နာခံခက် ရောဂါနှိပ်စက်ခြင်းတည်း ဟူသော ဗျာဓိမီး, မလွဲမသွေ အမြဲသေရမဲ့ မရဏမီး, အစရှိတဲ့ တဆယ့်တသီးသော ပရမတ္ထ မီးပူတို့၏ မကျမရောက်ရာ အမှန် ဘုရား ပျော်စံတဲ့နိဗ္ဗာန် လျင်မြန်ဆောစွာ ရလွယ် ရောက်လွယ် မျက်မှောက် ပြုလွယ် နိုင်ကြပါစေကုန်သတည်း....။

သာဓု....သာဓု....သာဓု

ခန္ဓာအရှိနဲ့ဉာဏ်အသိ ဝိပဿနာအလုပ်တရားတော် ပြီး၏။

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

၏

ဥပနိသျခံတပည့်

နိုင်ငံကျော်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ

အသျှင်ဇဝန

ဟောကြားသော

# ဇာတကဝိပဿနာ

# တရားတော်

❁

ရနိုင်သောဌာန
ဦးစောအောင်
သစ္စာလမ်း၊ အမှတ်-၂၇၁၊ ၁၀-ရပ်ကွက် တောင်ဥက္ကလာပ၊
ရန်ကုန်မြို့။